## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၂၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၄၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၁.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန်ပန်ကြားအပ်ပါ တယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၃) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၄) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၆) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၇) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၈) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၉) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၁၀) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၁) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၁ ရက်၊

(၁၂) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၁၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၄) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၁၅) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၁၆) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၁၇) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၈) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၃ ရက်၊

(၁၉) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၂၀) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ၃ ရက်၊

(၂၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၂၂) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်နှင့်

(၂၃) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၇၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင် ဆောင်ရွက်ပါမယ်။

## မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်းနှင့် တိုင်းရင်းသားများ၏ လူဦးရေစာရင်းများကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့အကြောင်းအရာကတော့ ၂၀၁၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါ တယ်ရှင်။ ဒီမေးခွန်းကို စက်တင်ဘာလ ပထမအပတ်မှာ တင်ခဲ့တာဖြစ်ပြီး စက်တင်ဘာလရဲ့နောက်ဆုံး အပတ်မှာတော့ သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းပြုစုထားတဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ထားတဲ့ စာအုပ်ကို လက်ခံရရှိပြီးဖြစ်ပါတယ်ရှင်။ သို့သော်လည်းပဲ ရေဒီယိုမှာနားဆင်နေကြတဲ့ မိဘပြည်သူများ အတွက်ကို ရည်ရွယ်ပြီး ဒီမေးခွန်းကို ရုပ်သိမ်းခြင်းမပြုဘဲနဲ့ မေးမြန်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ ကျွန်မ မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိထားသော လူဦးရေစာရင်းများနှင့် တိုင်းရင်းသား များ၏ လူဦးရေစာရင်းများကို ထုတ်ပြန်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ကနေ ဧပြီလ ၁၀ ရက်နေ့အထိ မြေပြင်ကွင်းဆင်း၍ မြန်မာတစ်နိုင်ငံလုံးမှာ ရွှေ့ပြောင်းလူဦးရေစာရင်း ကောက်ယူနိုင်ခဲ့ပြီဖြစ်ပါတယ်ရှင်။ ထိုကောက်ယူရရှိ သောလူဦးရေးစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူဦးရေအများဆုံးနှင့် အနည်းဆုံးစာရင်းကို သတင်းစာများမှာ အဲ့ဒီအချိန်တုန်းက ဖတ်ရှုခဲ့ရပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ (က) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်း၊ (ခ) တိုင်းရင်းသားများ၏ လူဦးရေစာရင်းများကို ဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်းနှင့် တိုင်းရင်းသားများ၏ လူဦးရေစာရင်းများကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

မေးခွန်းပထမပိုင်း၏ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရွှေ့ပြောင်းလူဦးရေစာရင်းကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ လူဦးရေနှင့် အိမ်ထောင်စုစာရင်းများအား ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ၎င်းစာရင်းမှာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်၏ မြို့ပြနှင့် ကျေးလက်အလိုက် ကျား၊ မ လူဦးရေနှင့် မြို့နယ်အလိုက် အိမ်ထောင်စုနှင့် အဖွဲ့အစည်းများ၏ ကျား၊ မ လူဦးရေစာရင်းများပါဝင်ပါတယ်။ လူမျိုးစာရင်းပါဝင်မှုမရှိသေးပါ။ လူဦးရေစာရင်းစာအုပ်တွင် တိုင်းဒေသကြီး/ပြည်နယ်

အလိုက် လူဦးရေစာရင်းအား ပူးတွဲဖော်ပြထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များထံ သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာအုပ်များလည်း ပေးအပ်ထားပြီးဖြစ်ပါတယ်။

ထို့အပြင် ဝန်ကြီးဌာနများအားလုံးနှင့် ဦးစီးဌာနများအားလုံးသို့လည်း ဖြန့်ဝေပြီးသားဖြစ်ပါတယ်။ သက်ဆိုင်ရာလွှတ်တော်ရုံးများမှတစ်ဆင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံလည်း ရွှေ့ပြောင်းလူဦးရေစာရင်းစာအုပ်တစ်အုပ်စီကို ဖြန့်ဝေထားပြီးသားဖြစ်ပါတယ်။ ၎င်းအပြင် ရွှေ့ပြောင်းလူဦးရေစာရင်းစာအုပ်ကို ကျွန်တော်တို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ Website ဖြစ်တဲ့ www.dop.gov.mm Website မှာလည်းပဲ တင်ပြထားပြီးဖြစ်ပါတယ်။ ယခုထုတ်ပြန်သော ရွှေ့ပြောင်းလူဦးရေစာရင်းစာအုပ်ဟာ အပြီးသတ် လူဦးရေစာရင်းမဟုတ်သေးပါဘူး။ သန်းခေါင်စာရင်းလုပ်ငန်းစဉ်အား အစမှအဆုံးအထိ အချိန်ကာလလေးနှစ်နီးပါးကြာမြင့်စွာ လုပ်ဆောင်ရမည်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လတ်တလောအသုံးပြုနိုင်ရန်အတွက်ကိုပဲ ထုတ်ပြန်ထားခြင်းပဲ ဖြစ်ပါတယ်။ ၎င်းရွှေ့ပြောင်းလူဦးရေစာအုပ်စာရင်းဟာလည်းပဲ ၂၀၁၅ ခုနှစ်အတွင်းမှာ ထုတ်ပြန်မယ့် ပင်မသန်းခေါင်စာရင်း အစီရင်ခံစာနှင့် ကိန်းဂဏန်းအနည်းငယ်လည်း ကွာဟမှုများရှိနိုင်မည်ဖြစ်ပါတယ်။ သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံတကာနည်းပညာ အကြံပေးအဖွဲ့ (International Technical Advisory Board)ရဲ့ အကြံပြုချက်များအရ နိုင်ငံတကာမှာ သန်းခေါင်စာရင်းထုန်ပြန်ရာမှာ ကျွန်တော်တို့ အခုနကတင်ပြတဲ့အတိုင်းပဲ ရွှေ့ပြောင်းလူဦးရေသန်းခေါင်စာရင်းနဲ့လည်း ပင်မစာရင်းနဲ့ အနည်းငယ်ကွဲလွဲမှု မလွဲမသွေရှိမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ရွှေ့ပြောင်းလူဦးရေစာရင်းကတော့ မြေပြင်စာရင်းကောက်ယူချိန်မှာ စာရင်းကောက်များမှ အိမ်ထောင်စုတစ်ခုချင်းအလိုက် လူဦးရေကိုဖြည့်သွင်းထားပြီးတော့မှ စာရင်းစစ်များမှ ပြန်လည်စိစစ်ထားသည့်ကောက်ကွက်စာရင်းချုပ် ပုံစံ(ခ-၂၂)မှ လူဦးရေများကို ပြုစုထားခြင်းဖြစ်၍ ပင်မအစီရင်ခံစာထွက်ရှိချိန်မှာ အနည်းငယ်ကွာဟမှုရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားရခြင်းဖြစ်ပါတယ်။

ယခုအခါမှာ ကောက်ယူပြီးသော သန်းခေါင်စာရင်းမေးခွန်းပုံစံများကို OMR လို့ခေါ်တဲ့ Optical Mart Recommendation စက်ဖြင့် Scan ဖတ်ခြင်းလုပ်ငန်း၊ လက်ရေးမပီသသည်များကို ကွန်ပျူတာဖြင့်ပြင်ဆင်ခြင်း (Key Correction) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါကတည်းဖြတ်စစ်ဆေးခြင်းလုပ်ငန်းဖြစ်သည့် (Editing) နှင့် ဇယားများတည်ဆောက်ခြင်း (Tabulation) လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ စာရင်းဇယားပြုစုခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလခန့်တွင် အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားရှိပါတယ်။ ဆန်းစစ်လေ့လာခြင်း

နှင့် ဇယားများတည်ဆောက်ခြင်း၊ အခြေခံလူဦးရေစာရင်းထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ်အတွင်းမှာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေရှင်းအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း ဒုတိယပိုင်းတွင် တိုင်းရင်းသားများ၏ လူဦးရေစာရင်းနှင့်ပတ်သက်၍ အခြေခံလူဦးရေစာရင်းများကိုသာ ၂၀၁၅ ခုနှစ်အတွင်း ထုတ်ပြန်နိုင်မှာဖြစ်ပြီး လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အလုပ်အကိုင်လုပ်ငန်း စသည်တို့နှင့် ပတ်သက်၍ ထုတ်ပြန်နိုင်ခြင်းမရှိသေးပါ။ တိုင်းရင်းသားများ၏ လူဦးရေစာရင်းများမှာ ပြည်သူများ၏ တောင်းဆိုချက်နှင့်အညီ ထပ်မံပြုစုပြင်ဆင်ရန်အတွက် စာရင်းဇယားများပြုစုခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့်စာရင်းများအရ လူမျိုးစုအမည်၊ သတ်ပုံသတ်ညွှန်းမှားနေခြင်း၊ လူမျိုးစုအမည်အသစ် ထပ်မံတိုးလာခြင်းနှင့် အချို့မှာ ပျောက်ကွယ်သွားလာခြင်းများ ရှိမည်လည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးစုစာရင်းများလည်း အတိုးအလျှော့ရှိချင် ရှိလာနိုင်မည်ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ဒုတိယလုပ်ငန်းစဉ်အဖြစ် ထွက်ပေါ်လာသည့် တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုအမည်၊ အရေအတွက်အပေါ်မူတည်၍ ပါဝင်ပတ်သက်သော တိုင်းရင်းသားအဖွဲ့အစည်းများဖြင့် ညှိနှိုင်းပြီးမှသာလျှင် ထုတ်ပြန်နိုင်မည်ဖြစ်ပါ၍ ထပ်မံအချိန်ယူရန် လိုအပ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များနှင့် ၎င်းတို့၏ကိုယ်စား လက်မှတ်ထိုးသူများသည် ထိုစဉ်က ထမ်းဆောင်ခဲ့သော တာဝန်နှင့် မည်သည့်တိုင်းရင်းသားများဖြစ်သည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခွန်မောင်သောင်း၊ ပင်လောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကျက်သရေရှိလှသော ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမကြီးအတွင်းသို့ ရောက်ရှိလာကြကုန်သော လွှတ်တော်ကိုယ်စားများနှင့် ဂုဏ်သရေရှိ၊ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးလေးစားဂုဏ်ယူမိပါကြောင်း ဦးစွာဂါရဝပြုလိုပါတယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လုံစာချုပ်ကို အသံကြားလိုက်တာနဲ့ မြန်မာပြည်အတွင်းရှိ ပြည်သူအားလုံး ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် လှည်းနေလှေအောင်း မြင်းဇောင်းပါမကျန် မြန်မာပြည်ကို ချစ်မြတ်နိုးတဲ့သူတိုင်း ကြားမိသိမိကြမှာဖြစ်ပါတယ်။ ထိုစာချုပ်

သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်တည်လာရေးအတွက် ကနဦးအစဖြစ်တဲ့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ အစပျိုးခဲ့တဲ့စာချုပ်ဆိုလျှင် ငြင်းဖွယ်ရာမရှိပါဘူး။ စောဒက တက်ဖွယ်ရာမလိုဟု။ သဘောပေါက်မိပါတယ်။ မြန်မာ့သမိုင်းတွင် ပင်လုံစာချုပ်သည် အရေးကြီး သော၊ အရေးပါသော မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်နယ်ပြည်မပေါင်းစည်းရေးအတွက် အကောင်အထည်ဖော်ပေးခဲ့သော သမိုင်းဝင်စာချုပ်ဖြစ် ကြောင်း အားလုံးသိကြပြီ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့လွှတ်တော် ကျင်းပအကောင် အထည်ဖော် ဆောင်ရွက်ခွင့်ရရှိနေပြီဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်သည် ထိုစာချုပ်၏ အကျိုးရလဒ် ကြောင့် ပြောလျှင်မှားမည်မဟုတ်ပါ။

ဒါကြောင့် လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမျှအရေးကြီးသော ပင်လုံစာချုပ်ကို မျိုးဆက်သစ်လူငယ်များအတွက် အမှန်သိရလေအောင်၊ ကြာလေဝေးလေမဖြစ်ရ လေအောင်၊ ရာဇဝင်သည်အမှားခံနိုင်ပေမယ့် သမိုင်းသည်မှားလို့ မကောင်းပါ။ သမိုင်းကြာလာသည် နှင့်အမျှ သမိုင်းဟာ ပြောင်းလဲနိုင်မှာဖြစ်တဲ့အတွက် အချို့သော ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာများနှင့် ဟောပြောဆွေးနွေးချက်တွေဟာ ကွဲလွဲမှုရှိနေပြီး ရေးကြ၊ ပြောကြ၊ ဆွေးနွေးကြတာကို အမှန်ဖြစ်စေလို တဲ့ဆန္ဒကြောင့်၊ တိုင်းရင်းသားအားလုံးတို့ဟာ အတူတကွ လွတ်လပ်ရေးကိုရယူခဲ့ကြပြီး တစ်ဦးနှင့် တစ်ဦး ချစ်ကြည်လေးစားမှု၊ အပြန်အလှန် သက်ဝင်ယုံကြည်မှု ထာဝရရှင်သန်ရန်ကို ရည်ရွယ်ပြီး တော့မှ ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်း ကတော့ မြန်မာ့လွတ်လပ်ရေးကို ဦးတည်ပေးခဲ့သော ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုး ခဲ့သော ခေါင်းဆောင်ကြီးများနှင့် ၎င်းတို့၏ ကိုယ်စားလှယ် လက်မှတ်ရေးထိုးသူရှိသော ရာထူး၊ တာဝန် အများအပြင် ထိုပုဂ္ဂိုလ်များသည် မည်သည့်တိုင်းရင်းသားများဖြစ်ကြောင်းကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လုံစာချုပ်ဟူသည် တောင်တန်းမြေပြန့်ခွဲခြားမှုမရှိတဲ့ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွတ်လပ်ရေးရရှိရေးအတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့မှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ တိုင်းရင်းသားကိုယ်စားလှယ်ကြီးများဟာ တိုင်းရင်းသားလူမျိုးများအားလုံးသွေးစည်းညီညွတ်ခြင်း အထိမ်းအမှတ်အဖြစ်နဲ့ချုပ်ဆိုခဲ့တဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးကို ဦးတည်ပေးခဲ့တဲ့ ပင်လုံစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးကြတဲ့ ခေါင်းဆောင်များဟာ အားလုံး ၂၃ ယောက်ရှိပါတယ်ခင်ဗျား။

အဲ့ဒီအထဲမှာတော့ (၁)အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ (၂)အနေနဲ့ စဝ်ရွှေသိုက်(ညောင်ရွှေစော်ဘွား)၊ (၃)အနေနဲ့ စဝ်ကွန်ဖန်းစိန် (တောင်ပိုင်စော်ဘွား)၊ ဒီသုံးယောက်ကတော့ အားလုံးသိပြီးသားဖြစ်တဲ့အတွက် အသေးစိတ် ကျွန်တော် မရှင်းပြတော့ပါဘူး။ (၄)ကတော့ စဝ်ဟုံဖ သူကတော့ ရှမ်းလူမျိုးဖြစ်ပြီးတော့ သိန္နီစော်ဘွားဖြစ်ပါတယ်။ အဲ့ဒီတုန်းက သူရဲ့တာဝန်က ဥက္ကဋ္ဌ၊ တောင်တန်းသားများစည်းလုံးညီညွတ်ရေး ဦးစီးအမှုဆောင်ကော်မတီ၊ နောက်အမှုဆောင်အဖွဲ့ဝင်၊ ရှမ်းပြည်ကောင်စီဖြစ်ပါတယ်။ (၅) ကတော့ စဝ်နွံ ဖြစ်ပါတယ်။ စဝ်နွံက လဲချားစော်ဘွားဖြစ်ပြီး ရှမ်းဖြစ်ပါတယ်။ သူဟာ ရှမ်းပြည် စဝ်ဖလုံများကောင်စီ၊ စော်ဘွားများကောင်စီ၊ အဲ့ဒီမှာ အဖွဲ့ဝင်ဖြစ်ပါတယ်။ (၆) ကတော့ စဝ်စံထွန်း သူကတော့ အားလုံးသိတဲ့ မိုင်းပွန်စော်ဘွားကြီး ဖြစ်ပါတယ်။ ရှမ်းဖြစ်ပါတယ်။ အမှုဆောင်အဖွဲ့ဝင်၊ ရှမ်းပြည်နယ် စဝ်ဖလုံများ ကောင်စီနဲ့ အမှုဆောင်အဖွဲ့ဝင်၊ ရှမ်းပြည်နယ်ကောင်စီ၊ နောက်တစ်ခါ အဖွဲ့ဝင်တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအမှုဆောင်ကော်မတီတာဝန်ကို အဲ့ဒီတုန်းက ထမ်းဆောင်နေခြင်းဖြစ်ပါတယ်။ (၇)က စဝ်ထွန်းဧ သူက ခနေ့ဖြစ်ပါတယ်။ သာမိုင်းခမ်းစော်ဘွား ဖြစ်ပါတယ်။ သူက အဲ့ဒီအချိန်မှာ ရှမ်းပြည် စဝ်ဖလုံများကောင်စီ အမှုဆောင်အဖွဲ့ဝင်နဲ့ ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ဝင်အဖြစ် ထမ်းဆောင်နေခြင်းဖြစ်ပါတယ်။ (၈)က ဦးဖြူ ဖြစ်ပါတယ်။ ဦးဖြူက သထုံဆီဆိုင်စော်ဘွားကိုယ်စား လာပြီးလက်မှတ်ထိုးခြင်း ဖြစ်ပါတယ်။ သူကတော့ ပအိုဝ်းလူမျိုးဖြစ်ပါတယ်။ (၉)က ဦးဟောဝါးဒူဝါအမ်ခွန်ဖုန်း ဖြစ်ပါတယ်။ သူက ကချင်လူမျိုးဖြစ်

ပြီးတော့ ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ဝင် ဖြစ်ပါတယ်။ (၁၀)က ဦးတင်ဧ ဖြစ်ပါတယ်။ သူကတော့ အားလုံးသိတဲ့ ရှမ်းပြည်နယ် ဦးတင်ဧ ဆိုတာပါပဲ။ သူကလည်း အဲ့ဒီတုန်းက ရှမ်းပြည်နယ် ကောင်စီရဲ့ အမှုဆောင်အဖွဲ့ဝင်အဖြစ်နဲ့ လက်မှတ်ထိုးခြင်းဖြစ်ပါတယ်။ (၁၁)က ဦးကြာပု သူက ရှမ်း ဖြစ်ပါတယ်။

အဲ့ဒီအချိန်တုန်းက သူက ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ဝင်နဲ့ တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအမှုဆောင်ကော်မတီ အဖွဲ့ဝင်ဖြစ်ပါတယ်။ (၁၂)က စဝ်ယိပ်ဖ သူက ရှမ်းဖြစ်ပါတယ်။ ပင်လုံညီလာခံမှာ သိန္နီလူထုကိုယ်စားလှယ်အဖြစ်နဲ့ တက်ရောက်ပါတယ်။ အမှု ဆောင်အဖွဲ့ဝင် ရှမ်းပြည်ကောင်စီ ဖြစ်ပါတယ်။ (၁၃)က လင်းခေး ဦးထွန်းမြင့် ဖြစ်ပါတယ်။ ဦးထွန်းမြင့်က ရှမ်းဖြစ်ပြီးတော့ ရှမ်းပြည်ကောင်စီရဲ့ အမှုဆောင်အဖွဲ့ဝင်နဲ့ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအမှုဆောင်ကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်။ (၁၄)က ဦးခွန်စော (ပင်းတယ) ဖြစ်ပါတယ်။ သူက ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ဝင်ဖြစ်ပါတယ်။ ဦးခွန်စောက ဓနုလူမျိုးဖြစ်ပါ တယ်။ (၁၅)က ဦးခွန်ထီး သူက ရှမ်းဖြစ်ပါတယ်။ ပင်လုံညီလာခံမှာ ရှမ်းလူထုကိုယ်စားလှယ်အဖြစ်နဲ့ လက်မှတ်ထိုးခြင်းဖြစ်ပါတယ်။ သူကတော့ ရှမ်းပြည်ကောင်စီရဲ့ အမှုဆောင်အဖွဲ့ဝင် ဖြစ်ပါတယ်။ (၁၆)က ဆမားဒူးဝါဆင်ဝါးနောင် ဖြစ်ပါတယ်။ ဒါအားလုံးသိပါတယ်။ သူကတော့ ကချင်ဖြစ်ပြီးတော့ ပင်လုံညီလာခံကိုယ်စားလှယ်အဖြစ်နဲ့ မြစ်ကြီးနားခရိုင်က တက်တာဖြစ်ပါတယ်။

နောက် တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအမှုဆောင် ကော်မတီမှာလည်း ဒုတိယ ဥက္ကဋ္ဌနဲ့ ထိုစဉ်က ထမ်းဆောင်နေပါတယ်။ (၁၇)က ဒူးဝါးဇော်ရစ် သူလည်း ကချင်ပါပဲ။ မြစ်ကြီးနား ခရိုင် ပင်လုံညီလာခံကိုယ်စားလှယ်ဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ သူက တောင်တန်းသားများ စည်းလုံး ညီညွတ်ရေးဦးစီးအမှုဆောင်ကော်မတီ အဖွဲ့ဝင်တာဝန်ယူနေပါတယ်။ (၁၈)က ဦးဒိန်ရတန် ဖြစ်ပါ တယ်။ ဦးဒိန်ရတန်က ကချင်ဖြစ်ပြီးတော့ ပင်လုံညီလာခံကိုယ်စားလှယ်အဖြစ်နဲ့ မြစ်ကြီးနားခရိုင်က တက်ရောက်ခြင်းဖြစ်ပါတယ်။ သူဟာ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအမှုဆောင် ကော်မတီ အဖွဲ့ဝင်ဖြစ်ပါတယ်။ (၁၉)က ဒူဝါဇော်လွန်းက ကချင်ဖြစ်ပြီးတော့ ပင်လုံညီလာခံ ကိုယ်စားလှယ်အဖြစ်နဲ့ ဗန်းမော်ခရိုင်ကနေ တက်ရောက်ခြင်းဖြစ်ပါတယ်။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီး အမှုဆောင်ကော်မတီမှာလည်း အဖွဲ့ဝင်ဖြစ်ပါတယ်။ (၂၀)က ဦးလဘန် ဂရောင် ကချင်ဖြစ်ပြီးတော့ ပင်လုံညီလာခံကိုယ်စားလှယ်ကို ဗန်းမော်ခရိုင်ကနေ ကိုယ်စားပြုပြီး တက်ရောက်ခြင်းဖြစ်ပါတယ်။ (၂၁)က ဦးလှုရ်မှုန် သူက ချင်းဖြစ်ပြီးတော့ လုမ်းဘန်တိုက်သူကြီး ဖြစ်ပါ

တယ်။ ပင်လုံညီလာခံကိုယ်စားလှယ်နှင့် ဖလမ်းခရိုင်ကိုကိုယ်စားပြုပြီး တက်ပါတယ်။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီး အမှုဆောင်ကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်။ (၂၂)က ဦးထောင်းဇာခုပ် သူက ချင်းဖြစ်ပါတယ်။ ဆိုင်းဇန်တိုက်သူကြီး ဖြစ်ပါတယ်။ ပင်လုံညီလာခံကိုယ်စားလှယ်အဖြစ်နဲ့ တီးတိန်ကိုယ်စားပြုတက်ပါတယ်။ (၂၃) ဦးကီယိုမန်း သူလည်း ချင်းဖြစ်ပါတယ်။ မိအေနယ်စော်ဘွားဖြစ်ပါတယ်။ ပင်လုံညီလာခံကိုယ်စားလှယ် ဟားခါးကိုယ်စားပြုတက်ပါတယ်။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီး အမှုဆောင်ကော်မတီ အဖွဲ့ဝင်ဖြစ်ပါတယ်။ အဲ့ဒီတော့ အားလုံး ၂၃ ယောက်ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခွန်မောင်သောင်းကို မိုက်ပြန်ပေးပါ။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး။ အခုလို ပင်လုံစာချုပ်နဲ့ပတ်သက်ပြီးတော့မှ အသေးစိတ်ရှင်းလင်းဖြေကြားပေးတဲ့ ဝန်ကြီးကိုလည်း ကျွန်တော် အထူးပင် ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဒီမှန်ကန်ရိုးသားမှုကိုအရင်းခံပြီးတော့မှ ကျွန်တော့်အနေနဲ့ ကွဲလွဲမှုလေးတွေကို ကျွန်တော် တင်ပြပါရစေ။ ဒါဟာ သမိုင်းနဲ့ပတ်သက်ပြီးတော့မှ ကွဲလွဲနေတဲ့အနေအထားမျိုးဖြစ်နိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် ထပ်ဆင့်မေးခွန်းကို တင်ပြခြင်းပဲဖြစ်ပါတယ်။ ဒီမှာ ဝန်ကြီးဖြေဆိုသွားတဲ့အထဲမှာ ဦးဖြူဟာ ပအိုင်းတိုင်းရင်းသားဖြစ်တယ်ဆိုတာကတော့ ပအိုင်းတော့မဟုတ်ပါဘူး။ ပအိုဝ်တိုင်းရင်းသားဖြစ်တယ်ဆိုတဲ့ အကြောင်းကိုတော့ ဒုတိယအချက်အနေနဲ့ ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။ သို့ပေမယ့်လည်းပဲ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ မြန်မာ့စွယ်စုံကျမ်းအတွဲ(၆) စာမျက်နှာ ၄၄၀ ရှိ စာကြောင်းရေ ၃၈ အမှတ်စဉ် ၁၆ မှာ ဦးဖြူဟာ ကျိုင်းတုံစော်ဘွား၏ ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးထားကြောင်း ဖော်ပြထားတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ရတာ ဖြစ်ပါတယ်။

အကယ်၍သာ ဦးဖြူဟာ ကျိုင်းတုံစော်ဘွား၏ ကိုယ်စားလှယ် လက်မှတ်ရေးထိုးခဲ့ကြောင်းမှန်ခဲ့မယ်ဆိုရင် ကျိုင်းတုံဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တည်ရှိပြီးတော့မှ ဆီဆိုင်၊ သထုံဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကယားနယ်စပ်မှာ တည်ရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ အသွင်နဲ့သဏ္ဌာန် အနှစ်သာရပါ ပြောင်းလဲသွားနိုင်တဲ့အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့်မို့လို့ မှားနေတဲ့သမိုင်းကို မှန်အောင် လေ့လာတင်ပြဖို့ကလည်းပဲ ကျွန်တော်တို့ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တာဝန်ရှိတယ်ဆိုတဲ့အခါ မှတ်ယူတဲ့အတွက်ကြောင့်မို့လို့ နောင်လာနောက်သား အမှန်တရားသိရှိနိုင်ဖို့အတွက် လွတ်လပ်ရေးကြိုးပမ်းမှုတွင် မိမိတို့ တိုင်းရင်းသားများလည်းပါဝင်ခဲ့ကြောင်း ရဲဝံ့စွာဂုဏ်ယူနိုင်ဖို့

အတွက်က ဒီထပ်ဆင့်မေးခွန်းကို ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ စွယ်စုံကျမ်းတွင် မှားယွင်းစွာ ပုံနှိပ်ထုတ်ဝေမှုကို အမှားပြင်ဆင်ချက်အနေဖြင့် ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ။ ပြင်ဆင်မပေးနိုင်ခဲ့လျှင် ပြင်ဆင်နိုင်မည့်နည်းလမ်းတွေကို ရေလာမြောင်းပေးပြုလုပ်ပေးပါရန်နှင့် သို့သော် ဖြေကြားသင့်တဲ့အချိန်များတွင် ပြန်လည်ဖြေကြားပေးနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးခွန်းမေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒုတိယဝန်ကြီး ဦးသန်းဆွေ အနေနဲ့လည်း ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးသလိုပေါ့။ ဒီနေရာမှာဖြေလိုက်မယ်ဆိုရင် လွဲမှားမှုတစ်ခုဖြစ်သွားရင်လည်းမကောင်းပါဘူး။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်မေးတဲ့မေးခွန်းကို အခု မဖြေသေးဘဲနဲ့ဌာနကို ပြန်ပြီးတဲ့အခါမှာ ဌာနမှာတိုင်ပင်ညှိနှိုင်းပြီးမှ ဖြေပါလို့ပဲ ကျွန်တော် ပြောလိုပါတယ်။

**ပြည်တွင်း၌ စက်သုံးဆီနှင့်သဘာဝဓာတ်ငွေ့များ သုံးစွဲမှု၊ ပြည်ပမှတင်သွင်းမှုပမာဏ၊ အခွန်ဘဏ္ဍာကောက်ယူရရှိမှုနှင့် စက်သုံးဆီအရည်အသွေး စစ်ဆေးခွင့်ပြုမှုအခြေအနေတို့အား သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဗိုလ်မှူးဆွေလင်းမြင့်၊ တပ်မတော်သားကိုယ်စားလှယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဆွေလင်းမြင့်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဆွေလင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံ၊ ကဏ္ဍစုံကနေ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်မှုကြောင့် ပြည်တွင်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်း၌ စက်ယန္တရားကြီးများ၊ ယာဉ်များ အသုံးပြုမှုကဏ္ဍမှာလည်း အရေအတွက်များ များပြားလာသောကြောင့် စက်သုံးဆီနှင့်သဘာဝဓာတ်ငွေ့သုံးစွဲမှုများလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကိုလေ့လာတွေ့ရှိရပါတယ်။ ထိုကဲ့သို့များပြားလာသော စက်ယန္တရားကြီးများ၊ မော်တော်ယာဉ်အပါအဝင် စက်တပ်ယာဉ်များ ကောင်းမွန်ကြံ့ခိုင်စွာဖြင့် သက်တမ်းပြည့်အသုံးပြုနိုင်ရေးအတွက် စက်သုံးဆီများ စံချိန်မီအရည်အသွေးဖြစ်ရန် အဓိကလိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာ

ဝန်ကြီးဌာနအနေဖြင့်လည်း တင်သွင်းရောင်းချနေသော စက်သုံးဆီများ အရည်အသွေး ပြည့်ဝရေး စိစစ်ခွင့်ပြုလျက်ရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

သို့ရာတွင် ယနေ့အချိန်ထိ စက်သုံးဆီအရောင်းဆိုင်များအချို့၌ ရောင်းချနေသော စက်သုံးဆီများအရည်အသွေး စံချိန်မမီသောကြောင့် စက်များ၊ ယာဉ်များမလိုလားအပ်ဘဲ ချို့ယွင်းပျက်စီးခြင်း၊ သက်တမ်းပြည့် ကောင်းမွန်ကြံ့ခိုင်ခြင်းမရှိခြင်းများလည်း တွေ့နေရပါတယ်။ လွှတ်တော်အတွင်းမှာလည်း ၎င်းအခြေအနေနှင့်ပတ်သက်၍ ယခင် မေးမြန်းမှုများလည်းရှိခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ၎င်းတို့၏ဆောင်ရွက်နေမှုများကို ရှင်းလင်းဖြေကြားခြင်းများလည်းရှိခဲ့ပါတယ်။ တကယ့်လက်တွေ့တွင် အချို့သော စက်သုံးဆီ အရောင်းဆိုင်များမှာ စက်သုံးဆီအချိန်အတွယ်မပြည့်ဝခြင်း၊ အရည်အသွေးနှင့်ပတ်သက်၍ ကောင်းမွန်လာခြင်းများ မရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။ အဲ့ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။

(၁) ပြည်ပမှ တင်သွင်းလာသောစက်သုံးဆီများနှင့် ပြည်တွင်းစက်သုံးဆီဆိုင်များတွင် ရောင်းချနေသော စက်သုံးဆီများ အချိန်အတွယ်နှင့် အရည်အသွေးစံချိန်မီခြင်းရှိ/မရှိ၊ စစ်ဆေးကြပ်မတ်နေမှုအခြေအနေများနှင့် ထိရောက်သောစစ်ဆေးမှုဖြစ်ဖို့ အရေးယူဆောင်ရွက်ချက်များပါသည်အထိ ထိထိရောက်ရောက်ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များရှိ/မရှိ။ (၂) နှစ်စဉ် စက်သုံးဆီများ ပြည်ပမှ တင်သွင်းမှုပမာဏနှင့် အခွန်ဘဏ္ဍာကောက်ယူရရှိမှုအခြေအနေအား သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဆွေလင်းမြင့်မှ ပြည်တွင်း၌ စက်သုံးဆီနှင့်သဘာဝဓာတ်ငွေ့ သုံးစွဲမှုအခြေအနေ၊ ပြည်ပမှနှစ်စဉ်တင်သွင်းသုံးစွဲမှုအခြေအနေနှင့်ပတ်သက်ပြီး နှစ်စဉ် စက်သုံးဆီများ ပြည်ပမှတင်သွင်းနေမှု ပမာဏ၊ အခွန်ဘဏ္ဍာကောက်ယူရရှိမှုအခြေအနေနှင့် စက်သုံးဆီအရည်အသွေး စစ်ဆေးခွင့်ပြုမှုအခြေအနေတို့ကို သိရှိလိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး

ဦးအောင်ထူးကနေပြီးတော့ ပြန်လည်ဖြေကြားရှင်းလင်းအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နှစ်စဉ်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းသုံးစွဲမှုပမာဏများအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ပျမ်းမျှ ၄.၁၄ ဘီလီယံကုဗပေ ထုတ်လုပ်ပြီးတော့ ပြည်ပကို ၇၈ ရာခိုင်နှုန်းတင်ပို့ကာ ပြည်တွင်းမှာ ၁၈ ရာခိုင်နှုန်းသုံးစွဲခဲ့ပါတယ်။ ကျန် ၄ ရာခိုင်နှုန်းကတော့ ဒီ Project တွေရဲ့ Utilities တွေပေါ့။ Gas Turbine တွေ၊ Compressor တွေလည်ဖို့အတွက်ကတော့ တစ်ရက်ကို ၅ သန်းလောက်သုံးတာဖြစ်ပါတယ်။ ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ဓာတ်ဆီကို နှစ်စဉ်ပျမ်းမျှ ၁၅၉.၈၅ ဂါလန်သန်းပေါင်း ဖြန့်ဖြူးခဲ့ပြီးတော့ ဒီဇယ်ဆီကို နှစ်စဉ်ပျမ်းမျှ ၃၈၆.၃၁ ဂါလန်သန်းကျွန်တော်တို့ ဖြန့်ဖြူးခဲ့ပါတယ်။

၂၀၁၀ ခုနှစ် ဇွန်လကစပြီးတော့ စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းတွေကို နိုင်ငံပိုင်ကဏ္ဍကနေ ပုဂ္ဂလိကကဏ္ဍကို ကူးပြောင်းလုပ်ဆောင်စေခဲ့တဲ့နေရာမှာ နိုင်ငံပိုင်ကဏ္ဍအတွက် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူတင်သွင်းပြီး ပုဂ္ဂလိကကဏ္ဍအတွက် ပုဂ္ဂလိကကုမ္ပဏီနှင့် လုပ်ငန်းရှင်တွေကနေပြီးတော့ ဓာတ်ဆီ 92 ရွှန်နှင့် 95 ရွှန် အပါအဝင် ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို အဓိကထားပြီး တင်သွင်းခဲ့ကြပါတယ်။ နိုင်ငံပိုင်ကဏ္ဍအတွက် ပြည်ပမှတင်သွင်းတဲ့ ဓာတ်ဆီအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း နှစ်စဉ် တစ်ပြည်လုံးဖြန့်ဖြူးမှု၏ ဝ.၄၈ ရာခိုင်နှုန်းကိုသာ ပြည်ပမှတင်သွင်းခဲ့ရပြီး ဒီဇယ်ကိုတော့ နှစ်စဉ်ဖြန့်ဖြူးမှု၏ ၁၃.၂၇ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းဖြန့်ဖြူးခဲ့ရပါတယ်။ ပုဂ္ဂလိကကဏ္ဍအတွက် ပုဂ္ဂလိကကုမ္ပဏီများမှ တင်သွင်းတဲ့ပမာဏဟာ ဓာတ်ဆီအနေနဲ့ နှစ်စဉ် တစ်ပြည်လုံးဖြန့်ဖြူးမှုရဲ့ ၃၉.၉၄ ရာခိုင်နှုန်း ပြည်ပမှတင်သွင်းခဲ့ပြီး ဒီဇယ်ဆီကိုလည်း နှစ်စဉ်တစ်ပြည်လုံးဖြန့်ဖြူးမှုရဲ့ ၇၂.၈၈ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းခဲ့ရပါတယ်။ အခုလိုတင်သွင်းတဲ့နေရာမှာ တင်သွင်းတဲ့ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေနဲ့ ပြည်ပမှတင်သွင်းသည့်ဓာတ်ဆီနှင့် ဒီဇယ်ဆီပမာဏများအလိုက် ကုန်သွယ်မှုလုပ်ငန်းခွန် ၁၀ ရာခိုင် နှုန်း၊ အကောက်ခွန် ၁.၅ ရာခိုင်နှုန်းနှင့် အမြတ်ခွန် ၂ ရာခိုင်နှုန်းတို့ကို ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးသွင်းပြီးမှသာလျှင် စက်သုံးဆီတင်သွင်းခွင့်လိုင်စင်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။

ဘဏ္ဍာရေးနှစ်အလိုက် စက်သုံးဆီတင်သွင်းမှုများမှနေပြီး အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အဖြစ်ရရှိတဲ့ဝင်ငွေတွေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၆၆.၅၃၁ ဘီလီယံ ကျပ်သန်း

ပေါင်းရရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၁၀၇.၁၈၂ ဘီလီယံကျပ်ရရှိပြီးတော့၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၂၁၀.၂၇၉ ဘီလီယံကျပ်သန်းပေါင်း ကျွန်တော်တို့ ရရှိခဲ့ပါတယ်။ စက်သုံးဆီအရည်အသွေး စစ်ဆေးခွင့်ပြုမှု အခြေအနေနှင့်ပတ်သက်၍ ပထမအဆင့်အနေနဲ့ စွမ်းအင်ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ စက်သုံးဆီအမျိုးအစားများအလိုက် သတ်မှတ်ထားတဲ့ အရည်အသွေး စံချိန်စံညွှန်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာနကို ပေးပို့ပြီး စက်သုံးဆီတင်သွင်းခွင့်လိုင်စင်လျှောက်ထားလာပါက ၎င်းစံချိန်စံညွှန်းများနှင့်အညီ တိုက်ဆိုင်စစ်ဆေးပြီးမှ ကိုက်ညီမှုရှိမှသာလျှင် စက်သုံးဆီတင်သွင်းခွင့်လိုင်စင်ကို ခွင့်ပြုပေးတာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ စက်သုံးဆီတင်သွင်းတဲ့ ရေယာဉ်တွေရောက်လာတဲ့အခါမှာလည်း တင်သွင်းလာတဲ့ စက်သုံးဆီနမူနာကို စစ်ဆေးရေးအဖွဲ့ကနေပြီးတော့ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)မှာရှိတဲ့ စက်သုံးဆီစစ်ဆေးရေးဓာတ်ခွဲခန်းကိုပေးပို့ပြီး စစ်ဆေးပြီးမှ ဓာတ်ခွဲခန်းရလဒ်သည် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီမှုရှိမှသာလျှင်စက်သုံးဆီများကို ရေယာဉ်ပေါ်ကနေ ချခွင့်၊ ဖြန့်ဖြူးခွင့်ပြုခြင်း လုပ်ဆောင်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမားများ စိုက်ပျိုးရေးစရိတ်အတွက် ထုတ်ချေးသည့်ချေးငွေနှင့်စပ်လျဉ်း၍ လာမည့်နှစ်များတွင် ချေးငွေစနစ်အား ပြောင်းလဲကျင့်သုံးမည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်အတွက် ထုတ်ချေးသည့်ချေးငွေများကို လာမယ့်နှစ်များမှာ ချေးငွေစနစ်အား ပြောင်းလဲကျင့်သုံးမည့် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ချေးငွေအဖြစ် ခေတ်အဆက်ဆက်က ထုတ်ပေးလျက်ရှိရာ ယခုအခါမှာ တစ်ဧက ကျပ်တစ်သိန်းနှုန်းအထိ တိုးမြှင့်ချေးပေးလျက်ရှိပါတယ်။ စိုက်ပျိုးရာသီအမိ မိုး၊ ဆောင်းချေးခြင်းတို့ကို ၅ ဦးတစ်စု၊ ၁၀ ဦးတစ်စု

ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးပြီး အဖွဲ့အလိုက်တာဝန်ခံထုတ်ယူကြရာ ပြန်ဆပ်သည့်ကာလ၌ အဖွဲ့တွင် ၁ ဦး၊၂ ဦး ငွေမပေးဆပ်နိုင်၍ အဖွဲ့လိုက်ငွေထုတ်မရသည့် အနေအထားရှိကြပါတယ်။ အစုအဖွဲ့များတွင်လည်း တောင်သူလယ်သမားများ စိတ်တူကိုယ်တူဖွဲ့ထားခြင်း မဟုတ်ဘဲ သင့်တော်သလို အဆင်ပြေအောင်ဖွဲ့ထားခြင်းဖြစ်ပြီး တာဝန်ယူမှုမရှိကြတဲ့အတွက် ငွေကြေးများပြန်လည်ပေးဆပ်ရာတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။ ယခုနှစ်ရာသီမှာ နိုင်ငံတော်မှ မေလတွင် တောင်သူများအားငွေချေးပေးရန်စီစဉ်ခဲ့သော်လည်း ဇွန်လနောက်ဆုံးပတ်မှစတင်ငွေချေးခဲ့ခြင်း၊ စက်တင်ဘာလကုန်အထိ ငွေထုတ်ပေးခြင်းမပြီးပြတ်ခြင်းတို့တွေ့ရှိရပါတယ်။ ဤကဲ့သို့ ကြန့်ကြာမှုများကြောင့် စိုက်ပျိုးရာသီမမီဘဲ ပြင်ပမှအတိုးကြီးပေး၍ ချေးယူရတဲ့အတွက် တောင်သူလယ်သမားများမှာ နစ်နာမှုများများစွာရှိနေကြပါတယ်။

ယခုအချိန်အခါဟာ လယ်ယာမြေများ မှတ်ပုံတင်ခြင်းလုပ်ငန်းမှာလည်းပြီးစီးလောက်ပြီဖြစ်၍ သင့်တော်သော အရင်းအနှီးရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို သင့်တော်သောနည်းလမ်းဖြင့်ချေးပေးပါက တောင်သူလယ်သမားများအတွက် ပိုမိုအဆင်ပြေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်အတွက် ထုတ်ချေးသည့်ချေးငွေများကိုလာမယ့်နှစ်များမှာ ချေးငွေစနစ်အား ပြောင်းလဲကျင့်သုံးမည့်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးရာမှာ မိမိတို့ရဲ့ဆန္ဒ အလျောက်စုဖွဲ့ထားသော အစုအဖွဲ့များဖြင့် ချေးငွေထုတ်ချေးရန်ဖြစ်ပြီး ချေးငွေပြေကျေရန်အတွက် ကိုယ်စီကိုယ်ငှဖြစ်စေ၊ တွဲဖက်၍ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တာဝန်ယူရမည်ဟု အတိအလင်း ပြဋ္ဌာန်းသတ်မှတ်

ထားပြီးဖြစ်ပါတယ်။ အစုအဖွဲ့ဖွဲ့စည်းရန်အတွက် ၎င်းတောင်သူလယ်သမားများ၏ ဆန္ဒနှင့်စိစစ်ထောက်ခံသူ ကျေးရွာ/ရပ်ကွက်ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့များမှ တင်ပြသည့် အစုအဖွဲ့များကို ဘဏ်မှအတည်ပြုပေးခြင်းသာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ မြန်မာ့စီးပွားရေးဘဏ်ထံမှငွေချေးယူရပြီး ချေးငွေရရှိသည်နှင့် ရရှိငွေပေါ်မှာမူတည်၍ မြို့နယ်ဘဏ်ခွဲအလိုက် ရန်ပုံငွေများခွဲဝေပြီး မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ငွေထုတ်ကန့်သတ်ချက် အကြောင်းကြားစာပေးပို့ရန်ကိစ္စများ၊ ချေးငွေညွှန်ကြားစာဖြန့်ဝေခြင်းများကို အမြန်ဆောင်ရွက်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၃၀-၅-၂၀၁၄ (သောကြာနေ့) မှာ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရရှိခဲ့ပြီး ၂-၆-၂၀၁၄(တနင်္လာနေ့)မှာ မြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲများကို ရန်ပုံငွေများပေးပို့ခြင်း၊ ငွေထုတ်ကန့်သတ်ချက်အကြောင်းကြားစာများ ပေးပို့ခြင်းစသည်ဖြင့်ဆောင်ရွက်ခဲ့ရာမှာ ဇွန်လ ၄ ရက်နေ့မှာ မြို့နယ်ဘဏ်ခွဲများမှာ ငွေစတင်ထုတ်ချေးနိုင်ခဲ့ပါတယ်။ ၅ ရက်အတွင်းမှာ စတင်ငွေချေးနိုင်အောင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ယခင်နှစ်များက ချေးငွေကာလကို ဧပြီလမှ ဩဂုတ်လအထိ သတ်မှတ်ခဲ့သော်လည်းပဲ ၂၀၁၃ ခုနှစ်မှစတင်၍ တောင်သူလယ်သမားများက ချေးငွေအချိန်မီပေးဆပ်မှု အခက်အခဲရှိသဖြင့် ကြွေးဟောင်းပေးဆပ်လာချိန်တွင် ကြွေးသစ်ပြန်လည်ထုတ်ချေးပေးနိုင်စေရန်နှင့် စောင့်ဆိုင်းချေးပေးနိုင်ရန်အတွက် ငွေချေးကာလကို စက်တင်ဘာလကုန်အထိ တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ချေးငွေပေးဆပ်မှုအခြေအနေကို တင်ပြရမယ်ဆိုရင် ဧရာဝတီတိုင်းဟာ ပေးဆပ်ရန် အချိန်စေ့ရောက်ပြီး ကြွေးကျန်အနေနဲ့ ၂-၁၀-၂၀၁၄ ရက်နေ့စာရင်းအရ ၂၀၁၂ ခုနှစ်၊ မိုးရာသီနှင့် ဆောင်းရာသီနှင့် ၂၀၁၃ ခုနှစ်၊ မိုးနှင့်ဆောင်းရာသီ ကြွေးကျန်စုစုပေါင်း ၇.၃၅၄ ဘီလီယံကျန်ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ မိုးရာသီချေးငွေမှာ လပွတ္တာ၊ မအူပင်၊ ၂၀၁၁ ခုနှစ်၊ ဆောင်းရာသီမှာ ကန်ကြီးထောင့်၊ လပွတ္တာ၊ မအူပင်၊ ဘိုကလေးနှင့် ၂၀၁၂ ခုနှစ်၊ မိုးရာသီရေကြီးနစ်မြုပ်ချေးငွေမှာ ရေကြည်၊ ကျောင်းကုန်း၊ ပုသိမ် ပေးဆပ်ရန်ကျန်ရှိနေသေးကြောင်း တင်ပြလိုပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်ပိုင်ရင်းနှီးငွေမရှိပါ။ မြန်မာ့စီးပွားရေးဘဏ်မှ နှစ်အလိုက်ချေးငွေရယူပြီး တောင်သူလယ်သမားများသို့ ထုတ်ချေးပေးရခြင်း၊ နှစ်ချင်းပြန်လည်ပေးဆပ်ရခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုထားတဲ့ နှစ်ပေါက်၊ နှစ်တို၊ နှစ်ရှည် ချေးငွေများထုတ်ချေးပေး သည့်စနစ်မျိုး ပြောင်းလဲဆောင်ရွက်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းနဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားတဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း (၅)၊

ပုဒ်မ ၁၃ အရ ဦးဆောင်အဖွဲ့ဟာ နှစ်တို၊ နှစ်ရှည်ချေးငွေများကို ပြည်ထောင်စုရန်ပုံငွေအတွင်း ရရှိအောင် ဘတ်ဂျက်တောင်းခံ၍ ပြည်ထောင်စု လွှတ်တော်၏ခွင့်ပြုချက်ဖြင့် ရယူဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်းရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ရည်ရွယ်ချက်ကတော့ လိုအပ်တဲ့ချေးငွေများကို လွယ်ကူရှင်းလင်းသော နည်းလမ်းဖြင့်ထုတ်ပေးရန် ဖြစ်ပါတယ်။ နောက် ဦးတည်ချက်ကတော့ ချေးငွေလုံလောက်စွာ ရရှိရပြီးတော့ ချေးငွေကိုအချိန်မီရရှိရမယ်။ ကြွေးမြည်ကင်းရှင်းသော လယ်သမားဘဝ ထူထောင်နိုင်ရမယ်ဆိုပြီးတော့ ကျွန်တော်တို့ဒီလိုရည်ရွယ်ချက်တွေ၊ ဦးတည်ချက်တွေနဲ့ ဆောင်ရွက်ထားပါတယ်။ အခု လောလောဆယ် ချေးယူတဲ့စနစ်က ကျွန်တော်တို့တောင်သူလယ်သမားဟာ စိတ်တူကိုယ်တူဆိုတဲ့အခါကျတော့ တချို့ စိတ်တူကိုယ်တူလုပ်ရတာ ခဲယဉ်းပါတယ်။ စီမံခန့်ခွဲမှုအရသာ ဖွဲ့စည်းထားရခြင်းဖြစ်သလို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်နဲ့ သက်ဆိုင်ရာ အဲ့ဒီမှာရှိတဲ့ နယ်မြေတာဝန်ခံ၊ မြေစာရင်းရဲ့ထောက်ခံချက်၊ သက်ဆိုင်ရာစိုက်ပျိုးရေးဌာနတွေရဲ့ထောက်ခံချက်တွေနဲ့ဆောင်ရွက်ပြီးတော့မှ ကျွန်တော်တို့ငွေချေးယူရတဲ့စနစ်ဖြစ်ပါတယ်။ ခုချိန်ကာလမှာလည်း ကျွန်တော်တို့လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းတွေကိုပြီးတဲ့အခါကျတော့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအခန်း (၅)၊ ပုဒ်မ ၁၃ မှာလည်း ကျွန်တော်တို့ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သင့်တင့်သောအရင်းအနှီးရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို ပြည်ထောင်စုအဆင့်ရန်ပုံငွေဘောင်အတွင်းမှထုတ်ချေးခြင်း၊ လိုအပ်သောအကူအညီနှင့် အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်ဆိုတဲ့အချက်လည်း ပါရှိနေပါတယ်။ ယခု ထုတ်ချေးတဲ့စနစ်က တောင်သူလယ်သမားများအတွက် ကျန်နေတဲ့ကြွေးတွေကြောင့် ကျွန်တော်တို့တာဝန်ကျေပြီးတဲ့ တောင်သူလယ်သမားများပါ ထုတ်လို့မရတဲ့အတွက်ကြောင့် ဒါသည်အင်မတန်မှ ငွေကြေးထုတ်တဲ့အခါမှာ အခက်အခဲတွေ့ကြုံနေရတဲ့အနေအထားရှိပါတယ်။ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်အနေနဲ့ တင်ပြရမယ်ဆိုရင် အခု ၂၀၁၃-၂၀၁၄ မှာတင် ကျေးရွာအုပ်စု ၆၈ အုပ်စုထဲမှာ ၂၅ အုပ်စုက ကျန်ပြီးတော့ ၃၄၂ ဦးကျန်နေပါတယ်။ အဲ့ဒီလိုကျန်နေတဲ့အခါကျတော့ ကျေပြီးတဲ့တောင်သူလယ်သမားအတွက်

များစွာမှအခက်အခဲရှိတဲ့အတွက်ကြောင့် ကျွန်တော် ဒီလိုဈေးငွေစနစ်ကို ဒီအတိုင်းဆက်သွားမယ်ဆိုရင်တော့ အဲ့ဒီကြွေးကျန်တွေက နှစ်တိုင်းဖြစ်တဲ့အတွက်ကြောင့် ကြွေးကျေပြီးသား တောင်သူလယ်သမားများအတွက်ကျတော့ အင်မတန်နစ်နာတဲ့အတွက်ကြောင့် အခုလိုမေးခွန်းများ မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ အခုလောလောဆယ်ဆောင်ရွက်နိုင်ဖို့ မရှိသေးလို့ရှိရင်လည်း ကျွန်တော်တို့ဒီဈေးငွေစနစ်ကို တောင်သူလယ်သမားများရဲ့ ကျွန်တော်တို့ မြန်မာ့စိုက်ပျိုးရေးဘဏ်ရဲ့လိုအပ်သောဈေးငွေကို လွယ်ကူရှင်းလင်းသောနည်းလမ်းများဖြင့် ထုတ်ပေးနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီကိစ္စက တက်ရောက်လာတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြေတာ လုံလောက်မယ်လို့မယူဆပါဘူး။ ဒါကြောင့်မို့လို့ ဦးသိန်းထွန်းတင်ပြချက်တွေဟာလည်း ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်တင်မကဘဲနဲ့ မြန်မာပြည်အနှံ့အပြားမှာဖြစ်ပေါ်နေတဲ့ ကိစ္စများဖြစ်တဲ့အတွက် ဒီကိစ္စကို ကျွန်တော်တို့ အလေးအနက်ထားစဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ မေးခွန်းမေးပြီးပြီ။ ဒီကိစ္စဟာ အမှန်တကယ်လိုအပ်မယ်ဆိုရင်တောင်သူလယ်သမားများအတွက် ဦးသိန်းထွန်းတို့အနေနဲ့ အဆိုတစ်ခု လိုကောင်းလိုမယ်လို့ ယူဆပါတယ်။ ထိုနည်းတူစွာပဲ ခုနက ဦးသိန်းထွန်းဆွေးနွေးတဲ့နေရာမှာရော၊ ဒုတိယဝန်ကြီးဆွေးနွေးတဲ့နေရာမှာရော လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားတဲ့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့်တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ဒီဥပဒေက ပေါ်ပေါက်လာမယ့်နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအပိုင်းကိုလည်း ထိထိရောက်ရောက်မြန်မြန်ဆန်ဆန် လုပ်ဖို့လိုပါလိမ့်မယ်။ အဲဒီလိုလုပ်တဲ့အခါမှာ ခုနက ရှင်းလင်းလွယ်ကူသော နည်းများမဟုတ်ဘူး။ အခြားတောင်သူလယ်သမားများကိုထိခိုက်စေသော ကိစ္စများပါတယ်ဆိုလို့ရှိရင် အဲဒီမှာ ဈေးငွေအပိုင်းနှင့်ပတ်သက်လို့လုပ်ထုံးလုပ်နည်းအပိုင်း Regulation အပိုင်းတွေလည်းတစ်ခါတည်းပြင်ဆင်သွားရမယ့် အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စပြီးမြောက်အောင်မြင်အောင် လွှတ်တော်မှာဖွဲ့စည်းထားတဲ့တောင်သူလယ်သမားအလုပ်သမားမြှင့်တင်ရေးကော်မတီ ပြီးတဲ့အခါမှာ လွှတ်တော်မှာဖွဲ့စည်းထားတဲ့လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးရေလုပ်ငန်းတိုးတက်မြင့်မားရေးကော်မတီတို့က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမယ့်အနေအထားရှိတယ်လို့ပဲ ကျွန်တော်တင်ပြချင်ပါတယ်။

အချုပ်ပြောမယ်ဆိုရင် မေးခွန်းလောက်နဲ့မလုံလောက်ဘူး။ မလုံလောက်တောင်မှ ခုနကမေးခွန်းလည်း ဖြေသွားပြီးပြီ။ အစီအစဉ်မရှိသေးဘူးဆိုရင် ဒီအတိုင်းပဲ ဆက်ပြီးတော့ ရှိနေမယ်ဆို

ရင်တော့ လယ်သမားတွေ ဒီလိုပဲ အများစုနစ်နာနေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်ပေါ်လာရေး အတွက် လွှတ်တော်မှာတာဝန်ရှိတယ်။ တင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်မှာတာဝန်ရှိတဲ့အတွက် မှန်ကန်တဲ့တင်ပြချက်နဲ့ မှန်ကန်တဲ့ လုပ်ဆောင်ချက်များဖြစ်အောင် လွှတ်တော်ကပဲ ဆက်လက်ပြီးတော့ တာဝန်ယူဆောင်ရွက်မယ်လို့ ကျွန်တော့်အနေနဲ့ ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကိုယ်စား ဒီလိုပဲ ကျွန်တော်ဖြေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကိုလက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို ၂၀-၁၀-၂၀၁၄ ရက်မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၁၀-၂၀၁၄ ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**မူကြမ်း**

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးကို ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်မည့်အချက်များနှင့်စပ်လျဉ်း၍ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်နှင့်သုံးသပ်ချက်အား ရှင်းလင်းတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည့်အချက်များနှင့် စပ်လျဉ်း၍ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်နှင့်သုံးသပ်ချက်များအား ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။ ရှင်းလင်းတင်ပြဖို့အတွက် တပ်မတော်သားကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်တင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့ ဆောင်ရွက်ရန်လိုအပ်မယ့်အချက်များနှင့် စပ်လျဉ်းပြီးတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အကြံပြုသုံးသပ်ချက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်တဲ့အတွက် ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ၃၀-၉-၂၀၁၄ ရက်နေ့မှာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းကနေ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြပါအတိုင်း နိုင်ငံတော်ရဲ့မဏ္ဍိုင်ကြီး ၃ ရပ်နှင့်စပ်လျဉ်းပြီးတော့ အနာဂတ်အစီအမံများချမှတ်ထားရှိမှုအခြေအနေနဲ့ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မယ့်နည်းလမ်းများနဲ့ ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းခဲ့ပါတယ်။ ဒီလိုမေးမြန်းခဲ့မှုအပေါ်မှာ ပြည်သူ့လွှတ်တော်ရုံးရဲ့ ၃-၁၀-၂၀၁၄ ရက်နေ့ ရက်စွဲပါစာအမှတ်နဲ့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ကနေ အကြံပြုသုံးသပ်ချက်ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ လမ်းညွှန်ခဲ့တဲ့အတွက်ကြောင့် ယခုလို

ရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။ ရှင်းလင်းတင်ပြမယ့် အစီအစဉ်များအနေနဲ့ တင်ပြပါအတိုင်းပဲ အစီအစဉ် ၄ ခု၊ ခေါင်းစဉ် ၁၂ ခုနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သတ်မှတ်ချိန်ကျော်လွန်ပါကလည်း ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ရရှိတဲ့အချိန်အတွင်းမှာ ပြုစုတင်ပြရတဲ့အတွက်ကြောင့် ပြည့်စုံလုံလောက်မှုရှိချင်မှရှိမယ်ဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

ကျွန်တော်တို့ တင်ပြပါနိုဒါန်းကတော့ ၃၀-၉-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းကနေ နိုင်ငံတော်ရဲ့ မဏ္ဍိုင်ကြီး ၃ ခုဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့အနေနဲ့ ကျန်ရှိတဲ့သက်တမ်းကာလအတွင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီဆောင်ရွက်မယ့် အနာဂတ်အစီအမံများကို မည်သို့ချမှတ်ထားပါသနည်း။ ဒီလိုအနာဂတ်အစီအမံများကို အကောင်အထည်ဖော်တဲ့အခါမှာ စိန်ခေါ်မှုတွေနဲ့တွေ့ကြုံလာလို့ရှိရင် စိန်ခေါ်မှုတွေကို အားသာချက်အခွင့်အလမ်းအဖြစ်နဲ့ ဖန်တီးယူနိုင်ဖို့အတွက်ကို မည်သည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့်မေးမြန်းခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ချမှတ်ထားတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများအပေါ်မှာ မဏ္ဍိုင်ကြီး ၃ ခုကနေ အရှိန်အဟုန်မြှင့်ပြီးတော့ ဟန်ချက်ညီ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဆင့်ကို အလျင်အမြန်ရောက်ရှိလာမယ်လို့ ယုံကြည်ပါကြောင်းနှင့် ဒါကြောင့်မို့လို့ ပြည်သူလူထုကိုယ်စား မေးမြန်းလိုတာကတော့ မြန်မာနိုင်ငံအနေနဲ့ ခန့်မှန်း မည်သည့်အချိန်ကာလမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ကို သိရှိလိုပါကြောင်း တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခဲ့ပါတယ်။ ကျွန်တော်တို့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ရည်ရွယ်ချက်အနေနဲ့ ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့ ကြုံတွေ့ရတဲ့စိန်ခေါ်မှုတွေ၊ အခက်အခဲတွေအပေါ်မှာ အောင်မြင်စွာကျော်လွှားနိုင်ဖို့အတွက် အားသာချက်အဖြစ် ပြောင်းလဲပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ တွေ့ရှိသုံးသပ်ချက်နှင့် အကြံပြုချက်များကို ဆက်လက်တင်ပြသွားပါမယ်။

လွှတ်တော်များဖွဲ့စည်းမှုနဲ့ လွှတ်တော်ရုံးဖွဲ့စည်းမှုဖြစ်ပါတယ်။ လွှတ်တော်များဖွဲ့စည်းမှုအနေနဲ့ လွှတ်တော်များဖွဲ့စည်းမှုဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားခြင်းဖြစ်တဲ့ အတွက်ကြောင့် သီးခြားတင်ပြရန်မရှိပါဘူး။ လွှတ်တော်ရုံးဖွဲ့စည်းမှုဖြစ်ပါတယ်။ လွှတ်တော်ရုံးများရဲ့ ဖွဲ့စည်းမှုဟာ ပြည့်စုံမှန်ကန်ပြီးဖြစ်ပါသည်။ ခန့်အပ်တာဝန်ပေးထားတဲ့ ဝန်ထမ်းများရဲ့ အရည်အချင်းများတိုးတက်လာစေရန်နှင့် လွှတ်တော်အတွေ့အကြုံ ပိုမိုမြင့်မားလာစေဖို့အတွက် သင်တန်း

များဖွင့်လှစ်သင်ကြားပေးခြင်း၊ နိုင်ငံတကာလွှတ်တော်များကို လေ့လာရေးခရီးစဉ်များ စေလွှတ်ပေးခြင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုမြှင့်တင်ပေးခြင်းတို့ကို ပိုမိုဆောင်ရွက်ပေးသင့်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အချိန်ဇယားများရေးဆွဲပြီးတော့ ပုံမှန် ဆောင်ရွက်ပေးသင့်ပါတယ်။ သို့မှသာလုပ်ငန်းများ ပိုမိုမြန်ဆန်ထိရောက်အောင်မြင်မယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကော်မတီများဖွဲ့စည်းမှုနှင့် တာဝန်နှင့်ရပိုင်ခွင့်ကို ဆက်လက်တင်ပြပါမယ်။ ကော်မတီများဖွဲ့စည်းမှုအနေနဲ့ လက်ရှိကာလမှာ ပြည်သူ့လွှတ်တော်မှာ ကော်မတီ ၂၃ ရပ်နှင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီအရေအတွက်မှာ ပြည့်စုံလုံလောက်မှုရှိပြီးတော့ ဘက်ပေါင်းစုံကဏ္ဍများအတွက် ပြည့်စုံလွှမ်းခြုံမှုရှိပြီးဖြစ်ပါတယ်။ သို့သော်လည်း အချို့ကိုယ်စားလှယ်များအနေနဲ့တော့ ကော်မတီတစ်ရပ်ထက်ပိုပြီးတော့ တာဝန်ယူရတဲ့အခါမှာ မနိုင်မနင်းဖြစ်ခြင်းနှင့် ကော်မတီတစ်ရပ်ရပ်အတွက် လစ်ဟင်း(ပျက်ကွက်)ခြင်းကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါတဲ့အတွက်ကြောင့် ဒီလို လွှတ်တော်ကိုယ်စားလှယ်များအစားကို ကော်မတီများမှာ လေ့လာသူအဖြစ်နဲ့ ထည့်သွင်းဖွဲ့စည်းထားတဲ့ တပ်မတော်သားကိုယ်စားလှယ်များကို ကော်မတီဝင်အဖြစ်နဲ့ ထည့်သွင်းဖွဲ့စည်းသွားမယ်ဆိုရင် အဆင်ပြေနိုင်ကြောင်း တင်ပြလိုပါတယ်။

ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ကော်မတီဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းထားသော်လည်းပဲ ဥပဒေကြမ်းအားလုံးကို ကိုင်တွယ်နေရတဲ့အတွက်ကြောင့် မနိုင်မနင်းဖြစ်နေကြောင်း သိရှိရပါတယ်။ ထိုအခါမှာ အဖွဲ့ငယ်တွေ ၃ ဖွဲ့ခွဲပြီးတော့ ဥပဒေကြမ်းများကို ကိုင်တွယ်ရတဲ့အတွက်ကြောင့် ဘာသာရပ်ဆိုင်ရာအားနည်းချက်များ ပေါ်ပေါက်လာကြောင်းလည်း တွေ့ရပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဥပဒေတစ်ရပ်အား အတည်ပြုပြဋ္ဌာန်းပြီးနောက် ထပ်မံပြင်ဆင်ရခြင်းမျိုးများ မကြာခဏ ပေါ်ပေါက်နေရတာကို တွေ့ရှိရပါတယ်။ ဒီလိုစိန်ခေါ်တွေကို ကျော်လွှားနိုင်စေဖို့အတွက် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မရှင်မှာ ဘာသာရပ်ပေါင်းစုံအား လွှမ်းခြုံအကြံပြုနိုင်စေဖို့အတွက်ကို ပညာရှင်အရေအတွက် တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း တင်ပြအပ်ပါတယ်။ တာဝန်နှင့်ရပိုင်ခွင့်များဖြစ်ပါတယ်။ သီးခြားတင်ပြရန်မရှိပါဘူး။ ကော်မတီရုံးများဖွဲ့စည်းမှုဖြစ်ပါတယ်။ ဒီမှာတော့ ကျွန်တော်တို့ ဝန်ထမ်းများရဲ့အရေအတွက်၊ အရည်အချင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုများပါရှိပါတယ်။ ကော်မတီရုံးမှာတော့ လက်ရှိဖွဲ့စည်းပုံအရ သင့်လျော်မှုရှိကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ရုံးသုံးအထောက်အကူပစ္စည်းများ ဥပမာ-ကွန်ပျူတာ၊ Printer၊ မိတ္တူကူးစက်၊ Scanner၊ Fax Phone၊ Projector၊ အသံဖမ်းကိရိယာစတဲ့ ပြည့်စုံအောင် ဖြည့်ဆည်းခြင်းအပြင် ရုံးသုံးစရိတ်၊

အသေးသုံးစရိတ်များကိုလည်း တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဝန်ထမ်းများအနေနဲ့ ကွန်ပျူတာစွမ်းရည်၊ Network အသုံးပြုနိုင်မှုစွမ်းရည်၊ လက်ရေးတို၊ ဥပဒေများကို အင်္ဂလိပ်-မြန်မာ အပြန်အလှန်ဘာသာပြန်ဆိုနိုင်မှု စွမ်းရည်များရှိစေရန်အတွက် Capacity မြှင့်တင်ခြင်းကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်တွင်း၊ ပြည်ပ သင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminer များကျင်းပခြင်း၊ သုတေသန လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်စေခြင်းတို့ဖြင့် လေ့ကျင့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ လွှတ်တော်မှာ မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများ တင်သွင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး တင်ပြသွားပါမယ်။ မေးခွန်းမေးမြန်းမှုဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ချိန်အတွင်းမှာ မေးခွန်းရဲ့ဆိုလိုရင်းကို ရှင်းလင်းပြတ်သားစွာ မေးမြန်းသင့်ပြီးတော့ သတ်မှတ်ချိန်များစွာကျော်လွန်ပြီး ရှည်လျားထွေပြားစွာ မေးမြန်းခြင်းများအား ထိရောက်စွာ ပြစ်တင်ရှုတ်ချပြီးတော့ မှတ်တမ်းတင်သင့်ပါတယ်။ ၎င်းအပြင် မေးခွန်းရှင်က အပြုသဘောဆောင်တဲ့မေးခွန်းများကို မေးမြန်းသင့်ပါတယ်။ နိုင်ငံသားအများစုကို ကိုယ်စားပြုနိုင်တဲ့မေးခွန်းများကို ဦးစားပေးမေးမြန်းသင့်ပါတယ်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအနေနဲ့လည်း မေးခွန်းများကို ပြန်လည်ဖြေကြားရာမှာ ခွင့်ပြုချိန်အတွင်းမှာ လိုအပ်တဲ့အကြောင်းအရာ အချက်အလက်တို့ကို အနှစ်ချုပ်ပြီးတော့ လိုရင်းကို ထိထိမိမိဖြေကြားနိုင်ရေးအတွက် လွှတ်တော်ရုံးနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားသင့်ပါတယ်။ အဆိုများဆွေးနွေးခြင်း ဖြစ်ပါတယ်။ အဆိုများနှင့်ပတ်သက်ပြီးတော့ အဆိုတင်သွင်းသူများအနေနဲ့ နိုင်ငံတော်အတွက်အရေးကြီးအဆိုများကိုတော့ ဥပဒေနှင့်အညီ အချိန်ပိုပြီးတော့ ပေးသင့်ကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအနေနဲ့ ပြန်လည်ရှင်းလင်းရာမှာလည်း နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့အကျိုးအတွက် ပြန်လည်ရှင်းလင်းရာမှာ နိုင်ငံသားများကို ကိုယ်စားပြုနေတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ယုံကြည်လက်ခံမှု အပြည့်အဝရရှိစေဖို့အတွက် အရည်အချင်း ပြည့်မီစွာနဲ့ ပြန်လည်ရှင်းလင်းဖြေကြားတင်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

ဥပဒေကြမ်းဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တင်သွင်းလာတဲ့ ဥပဒေကြမ်းများဟာ နိုင်ငံသားအားလုံးလိုက်နာရမည့်ဥပဒေတစ်ရပ် ဖြစ်လာနိုင်ပါတယ်။ ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီက စိစစ်ချက်အစီရင်ခံစာ တင်သွင်းရာမှာ အစီရင်ခံစာပါ အကြောင်းအရာများ၊ အကျိုးအကြောင်း ဖော်ပြချက်များဟာ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အမှန်တကယ်

အကျိုးဖြစ်ထွန်းစေမယ့် အစီရင်ခံစာများဖြစ်ရန် လိုအပ်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လည်း အထူးလိုအပ်လှကြောင်း တွေ့ရှိရပါတယ်။ တချို့ဥပဒေကြမ်းများဟာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ရဲ့ ပြန်လည်ရှင်းလင်းတင်ပြမှုနှင့် ဆန့်ကျင်နေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ ဆုံးဖြတ် ချက်ဟာလည်း ကော်မတီရဲ့အစီရင်ခံစာပါ အကျိုးအကြောင်းဖော်ပြချက်နှင့် ဆန့်ကျင်ကွဲလွဲမှုရှိ ကြောင်းတွေ့ရှိနေရပါတယ်။ ကော်မတီရဲ့အစီရင်ခံစာဟာ လူ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား အထောက်အကူပြုတဲ့ပုံသဏ္ဍာန်မျိုး မဖြစ်ပေါ်စေရန် စနစ်တကျ အချိန်ယူ စိစစ်ပြီးမှသာ အစီရင်ခံသင့်ပါတယ်။ ဥပမာ- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကြမ်းတို့ပဲဖြစ်ပါတယ်။ ဒီမှာတော့ ကျွန်တော် အရှည်ရေးထားပါတယ်။ အရှည် တော့မပြောတော့ပါဘူး။ ဥပဒေကြမ်းများရေးဆွဲရာမှာ ခိုင်မာတဲ့ ဥပဒေတစ်ရပ် ဖြစ်ပေါ်လာစေ ရန်အတွက် ဥပဒေပါအကြောင်းအရာများနှင့်ပတ်သက်ပြီး ပြည်သူလူထုရဲ့အကြံပြုချက်များ ပါဝင်နိုင် ဖို့အတွက် နည်းမျိုးစုံဖြင့် ချပြဆောင်ရွက်သင့်ပါတယ်။ ဥပဒေပြုရာမှာလည်းကောင်း၊ အစီရင်ခံစာ တင်သွင်းရာမှာလည်းကောင်း ပြည်သူလူထုရဲ့အကြံပြုချက်များ၊ ပညာရှင်များ၊ အသင်းအဖွဲ့များရဲ့ အကြံပြုချက်များကို ယခုထက်ပိုမိုပြီးတော့ ပွင့်လင်းမြင်သာစွာရယူပြီး (Public Hearing) ဆောင်ရွက်ပြီးတော့ ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတကာမှ ဥပဒေများကို လေ့လာခြင်းအပြင် ပြင်ပပညာရှင်များရဲ့အကြံဉာဏ်များကိုလည်း ရယူသင့်ပါတယ်။ လွှတ်တော်အတွင်းမှာ ဥပဒေပြုရာမှာ တွေ့ရှိရတဲ့ ထင်သာမြင်သာရှိတဲ့အချက်ကတော့ လွှတ်တော် ကိုယ်စားလှယ်အများစုက ဥပဒေကြမ်းကော်မတီ သို့မဟုတ် ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းသာ ထောက်ခံဆန္ဒပြုနေရခြင်းမျိုး တွေ့ရှိရပါတယ်။ ယှဉ်ပြိုင်ပြင်ဆင်လိုသူက တင်ပြတဲ့အချက်ဟာ မည်မျှပင် သင့်တော်မှန်ကန်သည်ဖြစ်စေ ၎င်းကိုယ်စားလှယ်အနေနဲ့ တင်ပြပုံမှာ အနည်းငယ်အားနည်းချက်ရှိပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အများစု ရှင်းလင်းအောင် တင်ပြနိုင် ခြင်းမရှိပါက ဆန္ဒမဲဆုံးရှုံးပြီးတော့ ဥပဒေကောင်းတစ်ရပ် ပေါ်ပေါက်စေမယ့်အခြေအနေကနေ လမ်းလွဲသွားရတာကိုလည်း တွေ့ရှိရပါတယ်။ လွှတ်တော်များအနေနဲ့ ဥပဒေပြုရာမှာ သတ်မှတ်ချိန် အတွင်း အရည်အသွေးရှိတဲ့ဥပဒေများ ပေါ်ထွက်လာစေဖို့အတွက် ပြဋ္ဌာန်းလိုတဲ့ဥပဒေအရေအတွက် ကို ကန့်သတ်ရန်လိုအပ်ပြီးတော့ ဥပဒေအရေအတွက်များများ ဆောင်ရွက်ရပါကလည်း ဥပဒေကြမ်း ကော်မတီဝင်များရဲ့အရည်အချင်းကို မြှင့်တင်ရန် လိုအပ်ပါတယ်။ ၎င်းအပြင် ဥပဒေကြမ်း ကော်မတီအား အထောက်အကူဖြစ်စေရန်အတွက် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ

ဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဘာသာရပ်ကျွမ်းကျင်သူများနှင့် ထပ်မံထည့်သွင်းပြီးတော့ ဖွဲ့စည်းသင့်ပါတယ်။

မဏ္ဍိုင်ကြီး ၃ ရပ် အပြန်အလှန်ထိန်းကျောင်းမှုကဏ္ဍပိုမိုတိုးမြှင့် ဆောင်ရွက်ရေးကဏ္ဍကို ဆက်လက်ပြီးတော့ တင်ပြပါမယ်။ မဏ္ဍိုင်ကြီး ၃ ရပ် အပြန်အလှန်ထိန်းကျောင်းမှုပြုတဲ့နေရာမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကတော့ ဥပဒေပြုရေးမဏ္ဍိုင်က အုပ်ချုပ်ရေးမဏ္ဍိုင်အား စောင့်ကြည့်ထိန်းကျောင်းတဲ့နေရာမှာ အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ ကတိကဝတ်အတိုင်းပဲ လိုက်နာဆောင်ရွက်မှုအားနည်းခြင်းနှင့် ကြန့်ကြာခြင်းများရှိကြောင်း တွေ့ရှိရပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်က တရားစီရင်ရေးမဏ္ဍိုင်ကို စောင့်ကြည့်ထိန်းကျောင်းရာမှာလည်း ကော်မတီ၊ ကော်မရှင်များ လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်နေမှုကို တရားစီရင်ရေးမဏ္ဍိုင်အနေနဲ့ နားလည်မှုရှိရန်နှင့် လက်ခံနိုင်ရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်က ဥပဒေပြုရေးမဏ္ဍိုင်ကို ထိန်းကျောင်းရာမှာ ဥပဒေပြုရေးမဏ္ဍိုင်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကြမ်းများအနက် တချို့ဥပဒေကြမ်းများကို အုပ်ချုပ်ရေးမဏ္ဍိုင်က ပြင်ဆင်ချက်၊ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အခါမှာလည်း ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့ နားလည်လက်ခံရန် ခက်ခဲကြောင်းတွေ့ရှိရပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်က ဥပဒေပြုရေးမဏ္ဍိုင်ကို စောင့်ကြည့်ထိန်းကျောင်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးရဲ့ဆုံးဖြတ်ချက်ကို ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့ နားလည်ရန်ခက်ခဲကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မဏ္ဍိုင်ကြီး ၃ ရပ်အနေနဲ့ ပုဂ္ဂိုလ်စွဲ၊ အဖွဲ့အစည်းစွဲများ မပါရှိစေဘဲနဲ့ အပြန်အလှန်နားလည်ပေးရန်လိုအပ်ပြီးတော့ အားသာတဲ့အဖွဲ့အစည်းက အားနည်းတဲ့အဖွဲ့အစည်းကို နားလည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်မှုအခန်းကဏ္ဍကို တင်ပြသွားပါမယ်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းရမယ့်ဥပဒေများကို နောက်ဆက်တွဲဇယား(၁)(၂)တို့ဖြင့် တိကျစွာဖော်ပြထားပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများဟာ ပြည်ထောင်စုတစ်ဝှမ်းလုံးမှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်တဲ့အတွက်ကြောင့် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအတည်ပြု ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများကို တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/

ပြည်နယ်အစိုးရတို့ကနေ သိရှိနားလည်ထားသင့်ပါတယ်။ သို့မှသာ ပင်မဥပဒေဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြဋ္ဌာန်းချက်မူဘောင်ကို ကျော်လွန်မှုမရှိစေဘဲနဲ့ ယင်းပင်မဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုကို ရယူခံစားစေနိုင်တဲ့အပြင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအနေနဲ့ ဥပဒေများပြဋ္ဌာန်းရာမှာ အထောက်အကူရရှိမည်ဖြစ်ပါတယ်။ အလားတူ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ ကိုယ်စားလှယ်များကလည်း တိုင်းဒေသကြီး/ပြည်နယ်များမှာ နေထိုင်နေကြရတဲ့ ပြည်သူများဖြစ်သည်နှင့်အညီ မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များကနေ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများကို သိရှိလိုက်နာရမည်ဖြစ်သကဲ့သို့ ယင်းဥပဒေများကလည်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေ၊ ပြည်ထောင်စုအစိုးရရဲ့ မူဝါဒ၊ ရည်မှန်းချက်၊ ဆောင်ရွက်ချက်များနှင့် ဟန်ချက်ညီ/မညီ ယင်းဒေသမှာရှိတဲ့ ပြည်သူလူထုအား မည်မျှအကျိုးပြု/မပြုကို သိရှိနားလည်နိုင်မည်ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ အနေဖြင့်လည်း ပြည်ထောင်စုလွှတ်တော်နှင့် ဟန်ချက်ညီတဲ့ ဥပဒေများပြဋ္ဌာန်းနိုင်ရန် လိုအပ်ပြီးတော့ သက်ဆိုင်ရာဥပဒေများကို အပြန်အလှန်သိရှိထားရန် အထူးလိုအပ်ပါတယ်။ သို့မှသာ နိုင်ငံတော်ဟာ ဘက်ပေါင်းစုံကနေ ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်အာဏာများကို တိုင်းဒေသကြီး/ပြည်နယ်များကနေ ကျော်လွန်ဆောင်ရွက်မိခြင်းမျိုး မဖြစ်ပေါ်စေရန်လိုအပ်သကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ လုပ်ပိုင်ခွင့်ကိုလည်း ပြည်ထောင်စုလွှတ်တော်က ဝင်ရောက်စွက်ဖက် ဆောင်ရွက်မိခြင်းမျိုး မပေါ်ပေါက်စေရန် လိုအပ်သဖြင့် လွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်မှု အခန်းကဏ္ဍကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ကြောင်းတင်ပြအပ်ပါတယ်။

လွှတ်တော်ရဲ့ဆောင်ရွက်ချက်များ ပိုမိုပွင့်လင်းမြင်သာစေရန်ကို ဆက်လက်ပြီးတော့ ဆွေးနွေးသွားပါမယ်။ လွှတ်တော်မှာ အဆို၊ ဥပဒေကြမ်းများ တင်သွင်းမှုကို မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကမည်သည့်နေ့ရက်မှာ မည်သည့်အဆို/ဥပဒေကြမ်းကို တင်သွင်းမည်ဖြစ်ကြောင်းကို ကြော်ငြာသင်ပုန်းမှာကြိုတင်ပြီးတော့ ဖော်ပြထားပေးသင့်ပါတယ်။ သို့မှသာ ကိုယ်စားလှယ်အားလုံးက တွေ့ရှိနိုင်မည်ဖြစ်သကဲ့သို့ အကြောင်းအရာနှင့်ပတ်သက်တဲ့ အချက်အလက်များကိုလည်း ကြိုတင်ရှာဖွေစုဆောင်းထားရှိကာ ဝင်ရောက်ဆွေးနွေးခြင်းအားဖြင့် နိုင်ငံတော်အတွက် ပိုမိုအကျိုးဖြစ်စေမည်ဖြစ်သကဲ့သို့ လွှတ်တော်ရုံးရဲ့ ပွင့်လင်းမြင်သာမှုကိုလည်း ဖော်ပြရာရောက်ရှိမည် ဖြစ်ပါတယ်။ ကော်မတီများအနေနဲ့လည်း မည်သည့်ဥပဒေကြမ်းများအား မည်သည့်ရက်မှာဆွေးနွေးမည်ကို

ကြော်ငြာသင်ပုန်းမှာ ကြိုတင်ဖော်ပြထားပေးသင့်ပါတယ်။ သို့မှသာ ကိုယ်စားလှယ်အားလုံး သိရှိပြီးတော့ ဥပဒေကြမ်းပါ အကြောင်းအရာနှင့် ပတ်သက်သောအချက်အလက်များကို ကြိုတင်ရှာဖွေစုဆောင်းကာ စိတ်ပါဝင်စားသူ ကိုယ်စားလှယ်အားလုံး ဝင်ရောက်ဆွေးနွေးနိုင်တဲ့အတွက်ကြောင့် ပိုမိုတောင့်တင်းခိုင်မာတဲ့ဥပဒေများ ပေါ်ထွက်လာနိုင်မည်ဖြစ်သကဲ့သို့ တန်ဖိုးရှိတဲ့လွှတ်တော်ရဲ့ အချိန်များကိုလည်း အကျိုးရှိရှိပိုင်းခြားသုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ လုပ်ရှားဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှု အားနည်းကြောင်း တွေ့ရတဲ့အတွက်ကြောင့် လှုပ်ရှားဆောင်ရွက်မှုများအား ယခုထက်ပိုမိုပွင့်လင်းမြင်သာစေရန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ရဲ့ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပုဂ္ဂလိကအသင်းအဖွဲ့၊ ကုမ္ပဏီများကို တာဝန်မပေးဘဲနဲ့ လွှတ်တော်ရုံးကသာ ဌာနတစ်ခုအနေနဲ့ဆောင်ရွက်သင့်ပြီးတော့ အသင်းအဖွဲ့၊ ကုမ္ပဏီများအနေနဲ့ဆောင်ရွက်လိုပါက ပြင်ပမှ စောင့်ကြည့်သုတေသနလုပ်ငန်းမျိုးသာ လုပ်ဆောင်စေသင့်ပါတယ်။ ၎င်းအဖွဲ့များကို အကြောင်းအရာ၊ အချက်အလက်များ ပံ့ပိုးပေးရမည်ဆိုပါကလည်း စာရွက်စာတမ်းလုံခြုံရေး၊ သတင်းလုံခြုံရေးအရ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ချပြပြီးမှသာ အတည်ပြုချက်ရယူ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတကာဆောင်ရွက်ချက်များ၊ ခရီးစဉ်များမှာလည်း အသေးစိတ်လုပ်ငန်းဆောင်ရွက်ချက်များကို ကိုယ်စားလှယ်အားလုံး သိရှိနားလည် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်ကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ နိုင်ငံတကာလွှတ်တော်များနှင့်ဆက်သွယ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နှင့် အတွေ့အကြုံများဖလှယ်မှုကို တင်ပြသွားပါ့မယ်။ ပြည်သူ့လွှတ်တော်မှာ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ အမျိုးသားလွှတ်တော်မှာ ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကော်မတီ၊ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတကာပါလီမန်များအဖွဲ့ ဆိုင်ရာပူးပေါင်းကော်မတီနှင့် အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီများ ဖွဲ့စည်းထားရှိပါတယ်။ လွှတ်တော်တစ်ခုရဲ့သက်တမ်းဟာ ၅ နှစ် ကာလဖြစ်ပြီးတော့ လွှတ်တော်သက်တမ်းတစ်ခုအတွင်းမှာ ဆောင်ရွက်ချက်များကို နောင်လွှတ်တော်များသို့ လက်ဆင့်ကမ်းယူရန် လိုအပ်သကဲ့သို့ လွှတ်တော်ရဲ့နိုင်ငံတကာနှင့်ပတ်သက်တဲ့ ဆောင်ရွက်ချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့်ပြည်သူများ သိရှိထားရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ

ကော်မတီများရဲ့ ဆောင်ရွက်ချက်များ၊ ခရီးစဉ်များ၊ လေ့လာရေး၊ သင်တန်း၊ အစည်းအဝေးများ နှင့်ပတ်သက်ပြီး ခရီးစဉ်မှတ်တမ်း၊ လုပ်ဆောင်ချက်များ၊ လွှတ်တော်များဆိုင်ရာသဘောတူညီချက်များ၊ အစီရင်ခံစာများကို ပိုမိုပွင့်လင်းမြင်သာစွာ ချပြသင့်ပါတယ်။ သို့မှသာ ကိုယ်စားလှယ်အားလုံးသိရှိပြီး တော့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ လွှတ်တော်အတွေ့အကြုံများ ပိုမိုရင့်ကျက်လာ နိုင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာရေးခရီးစဉ်များ၊ သင်တန်းများကို ပိုမို စေလွှတ်သင့်ပြီးတော့ ကိုယ်စားလှယ်အားလုံးပါဝင်နိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားသင့်ကြောင်း တင်ပြ အပ်ပါတယ်။

ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်မှုကို ဆက်လက်ဆွေးနွေးသွားပါမယ်။ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေဆဲဖြစ်သော်လည်းပဲ ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရာမှာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသများမှာ ပိုမိုသုံးစွဲသင့်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက်ကို ရန်ပုံငွေရွှေ့ပြောင်းသုံးစွဲမည်ဆိုပါကလည်း ခိုင်မာတိကျသောမူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများ ချမှတ်သွားရန်လိုအပ်ပါတယ်။ သို့မှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ မြို့နယ်တစ်မြို့နယ်နှင့်တစ်မြို့နယ်အကြား၊ တိုင်းရင်းသားလူမျိုးတစ်စုနှင့်တစ်စု အကြားသာမကပဲနဲ့ ပါတီတစ်ခုနှင့်တစ်ခုအကြားမှာ နားလည်မှုပိုမိုရရှိပြီးတော့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို မထိခိုက်စေဘဲဆောင်ရွက်စေနိုင်မည်ဖြစ်ပါတယ်။

မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရာမှာလည်း ဒေသစွဲ၊ နယ်မြေစွဲ၊ ရပ်ကွက်စွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲကင်းစွာဖြင့် ဥပဒေနှင့်အညီဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ဖွံ့ဖြိုး ရေးရန်ပုံငွေသုံးစွဲပြီး ဆောင်ရွက်ချက်များ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများ ကြပ်မတ်စိစစ်မှုများကို သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းများကို တိကျစွာ အစီရင်ခံတင်ပြသင့်ပြီးတော့ ယင်းအစီရင်ခံစာကို စိစစ်ရန်လိုအပ်မည်ဖြစ်ပါတယ်။ အစီရင်ခံစာများကို စိစစ်ရာမှာ မမှန်မကန်တဲ့အစီရင်ခံစာများ ရေးသားတင်ပြမှုများရှိလာပါက လိုအပ်သလိုသတိပေးမှု၊ အရေးယူမှုများပြုလုပ်ရန်လည်း လိုအပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကိုလည်း အများ ပြည်သူသိရှိစေဖို့အတွက် သတင်းစာနဲ့စာစောင်တွေ၊ လွှတ်တော်ဂျာနယ်တွေမှာ ပွင့်လင်းမြင်သာစွာ ဖော်ပြသွားသင့်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ဆက်လက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့်အညီ လွှတ်တော်၊ လွှတ်တော်ကော်မတီ၊ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အတွင်းမှာ ဆက်သွယ်ဆက်ဆံမှုနှင့်ပတ်သက်ပြီး တင်ပြသွားပါမယ်။ လွှတ်တော်အနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာမှာ အဆင်ပြေမှုရှိသော်လည်းပဲ အချို့လွှတ်တော်ကော်မတီများအနေနဲ့ ဝန်ကြီးဌာနများနှင့်ဆက်သွယ်ဆောင်ရွက်ရာမှာ အခက်အခဲများရှိကြောင်း တွေ့ရှိရပါတယ်။ ဒီလိုမဖြစ်ပေါ်စေဖို့အတွက် အဓိကအချက်ကတော့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုရှိရန်လိုအပ်ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ သတင်းမီဒီယာနှင့် လွှတ်တော်အကြား အပြန်အလှန်ဆက်သွယ်မှုအခန်းကဏ္ဍဖြစ်ပါတယ်။ သတင်းမီဒီယာအနေနဲ့ လွှတ်တော်များမှာ ကိုယ်စားလှယ်များရဲ့ ဆောင်ရွက်ချက်ဖြစ်တဲ့ မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းအပိုင်းတွေမှာ သတင်းအမှန်များထုတ်လွှင့်ဖြန့်ချိပေးရန် အလွန်အရေးကြီးပါတယ်။ သို့မှသာ ပြည်သူလူထုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် မည်သို့ဆောင်ရွက်နေသည်မဏ္ဍိုင်ကြီး ၃ ရပ်အကြား ဥပဒေနှင့်အညီ မည်သို့အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်နေသည်ကို အမှန်တကယ်သိရှိနိုင်မှာဖြစ်ပါတယ်။ တချို့သတင်းမီဒီယာများနှင့် ဂျာနယ်များဟာ သတင်းများဖော်ပြရာမှာ ၎င်းတို့ရဲ့ကျောထောက်နောက်ခံပြုထားတဲ့ အဖွဲ့အစည်းများရဲ့ အရိပ်အယောင်လွှမ်းမိုးမှုအရလည်းကောင်း၊ စီးပွားရေးဆန်ဆန်ဖြင့် သတင်းဂျာနယ် ပိုမိုရောင်းအားကောင်းစေရန်အတွက်လည်းကောင်း၊ ကိုယ်စားလှယ်များရဲ့ဆောင်ရွက်ချက်၊ ဆွေးနွေးချက်၊ ဆိုလိုရင်းအနက်အဓိပ္ပာယ်တစ်ခုလုံးကို ပေါ်လွင်အောင် ဖော်ပြရေးသားခြင်းမရှိဘဲနဲ့ အကြောင်းအရာတစ်ခု၊ အပိုင်းအခြားတစ်ခုတစ်စိတ်တစ်ဒေသကိုသာ ရွေးချယ်ဖော်ပြမှုများရှိနေတဲ့အပြင် ၎င်းအကြောင်းအရာ တစ်စိတ်တစ်ဒေသကို ကိုးကားပြီးတော့ လိုရာဆွဲသုံးသပ်ရေးသားမှုများကြောင့် မဏ္ဍိုင်ကြီး ၃ ရပ်ရဲ့ ဆောင်ရွက်ချက်အပေါ်မှာ ပြည်သူလူထုအနေနဲ့ ယုံကြည်မှုကင်းမဲ့ပြီးတော့ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်တဲ့အပြင် နိုင်ငံတကာအသိုင်းအဝန်းကလည်း ယုံကြည်မှုများကို လျော့ပါးစေနိုင်ကြောင်း တွေ့ရှိရပါတယ်။ ယင်းသို့မဖြစ်ပေါ်စေရေးအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ဥပဒေနှင့်အညီ ထိန်းကျောင်းနေပါသော်လည်း အချို့မီဒီယာများအနေနဲ့ ကျင့်ဝတ်နှင့်မညီ ဖော်ပြရေးသားနေမှုများကို ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့လည်း စဉ်ဆက်မပြတ်စောင့်ကြည့်ပြီးတော့ အပြန်အလှန်ထိန်းကျောင်းရန် လိုအပ်ကြောင်းတင်ပြအပ်ပါတယ်။

**မူကြမ်း**

ဆက်လက်ပြီးတော့ အနာဂတ်အစီအမံနဲ့ နည်းလမ်းများကိုတင်ပြသွားပါမယ်။ ကျန်ရှိတဲ့ သက်တမ်းကာလအတွင်းမှာ မဏ္ဍိုင်ကြီး ၃ ရပ်အနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ချက်ညီ အနာဂတ်အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါတယ်။ ဟန်ချက်ညီဆိုတဲ့ သဘော ကတော့ အုပ်ချုပ်ရေးမဏ္ဍိုင်က ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လိုတဲ့ စီမံကိန်း များအပေါ်မှာမူတည်ပြီးတော့ ဥပဒေပြုရေးမဏ္ဍိုင်က ဥပဒေများပြဋ္ဌာန်းပေးရန်လိုအပ်သကဲ့သို့ ဒီလိုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများဟာလည်း ဥပဒေစည်းနှောင်အား (Enforcement) ရှိစေရန်အတွက် တရားစီရင်ရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်က အားဖြည့်ပေးရန်လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ ထိရောက်တဲ့ အောင်မြင်မှုကို ရရှိမည်ဖြစ် ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့ ဥပဒေများအား ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း တို့ကို ယခုထက်ပို၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ပြီးတော့ ၎င်းတို့ကို လုပ်ငန်း လမ်းညွှန်အချိန်ဇယားရေးဆွဲပြီးတော့ စီမံဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင် အနေနဲ့ နှစ်တိုနှစ်ရှည်အကောင်အထည်ဖော်ဆောင်ရွက်လိုတဲ့ လုပ်ငန်းများအတွက် လိုအပ်တဲ့ ဥပဒေ များပြဋ္ဌာန်းနိုင်ရေးကို ဥပဒေပြုရေးမဏ္ဍိုင်နှင့် စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ် မည်ဖြစ်ပါတယ်။ ယခုအခါမှာ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲပြုစုနေကြောင်း သိရတဲ့အတွက်ကြောင့် အဆိုပါစီမံကိန်းအောင်မြင်ရေးအတွက် လိုအပ်တဲ့ ဥပဒေပိုင်းဆိုင်ရာများကို ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့် ကြိုတင်ညှိနှိုင်း ပြင်ဆင်ဆောင်ရွက်ထားသင့်ပါ တယ်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တင်သွင်းလိုတဲ့ ဥပဒေကြမ်းများကို ရှေ့နေချုပ်ရုံး သို့ပေးပို့ပြီးတော့ အကြံပြုချက်ရယူရာမှာလည်း ကြန့်ကြာမှုရှိကြောင်းတွေ့ရတဲ့အတွက်ကြောင့် ရှေ့နေချုပ်ရုံးရဲ့စွမ်းရည်ကိုလည်း မြှင့်တင်ရန်လိုအပ်ကြောင်းတင်ပြအပ်ပါတယ်။ တရားစီရင်ရေး မဏ္ဍိုင်အနေနဲ့လည်း အထက်ပါမဏ္ဍိုင်ကြီး ၂ ရပ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု များအား ဥပဒေဆိုင်ရာအကြံဉာဏ်ပေးခြင်း၊ ဟန်ချက်ညီအားဖြည့်ကူညီခြင်း၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာကိစ္စများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် စီရင်ဆုံးဖြတ်ပေးခြင်းတို့ကို ယခုထက်ပိုမို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး နိဂုံးချုပ်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ မဏ္ဍိုင်ကြီး ၃ ရပ်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ မဏ္ဍိုင်ကြီးတစ်ခုနှင့်တစ်ခု

အပြန်အလှန်ထိန်းကျောင်းပြီးတော့ အပြုသဘောနဲ့ အပြိုင်အဆိုင်တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သော်လည်းပဲ မဏ္ဍိုင်ကြီး ၃ ခုအကြား တိုးတက်မှုကို ဆုတ်ယုတ်စေမယ့် အားပြိုင်မှုမျိုးကို တော့ရှောင်ရှားသင့်ပါတယ်။ အားနည်းတဲ့မဏ္ဍိုင်ကို အခြားမဏ္ဍိုင်များကနေ ဝင်ရောက်စွက်ဖက် လွှမ်းမိုးခြင်းမျိုးမဟုတ်ဘဲနဲ့ အထောက်အကူပြုစေရန်အတွက်သာ ပံ့ပိုးပေးသင့်ပါတယ်။ တွေ့ကြုံ လာရတဲ့အခက်အခဲများ၊ စိန်ခေါ်မှုများကို မဏ္ဍိုင်ကြီး ၃ ရပ်အနေဖြင့် အချင်းချင်းအပြည့်အဝ နားလည်မှု၊ ယုံကြည်မှုဖြင့် ဖေးမကူညီဆောင်ရွက်သွားမည်ဆိုပါက ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် အဖြစ်ကို အချိန်တိုအတွင်းမှာ အလျင်အမြန်ရောက်ရှိလာမည်ဖြစ်ကြောင်း အကြံပြုသုံးသပ်တင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလိုတင်ပြရခြင်းရဲ့ အကြောင်း အရင်းကတော့ ၃၀-၉-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း ယခုဆွေးနွေးတင်ပြသူက နိုင်ငံတော်၏ မဏ္ဍိုင်ကြီး ၃ ရပ်ဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ အနေဖြင့် ကျန်ရှိသောသက်တမ်းကာလအတွင်း၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီ ဆောင်ရွက်မည့် အနာဂတ်အစီအမံများ မည်သို့ချမှတ်ထားပါကြောင်း ပါဝင်တဲ့ မေးခွန်းကို မေးမြန်းခဲ့ တာဖြစ်ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ပြန်လည်ဖြေကြားတဲ့နေရာမှာ အုပ်ချုပ်ရေးအဖွဲ့၊ အစိုးရအဖွဲ့ ရဲ့ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတစ်ဦးလာရောက်ဖြေဆိုသွားခဲ့ပါတယ်။ တကယ် တမ်းကျတဲ့အခါ မဏ္ဍိုင် ၃ ရပ် ကိုယ်စားပြုဖြေဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမေးခွန်း၊ အဲဒီအဖြေပြီးနောက်မှာ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ သက်ဆိုင်ရာမဏ္ဍိုင်ကြီးများဖြစ်ကြသော ဥပဒေ ပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ကို ဒီမေးခွန်းအပေါ်မှာ မိမိတို့ရဲ့အမြင်နဲ့ ပြန်လည်ဖြေ ဆိုဖို့ရန် တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့ကျတော့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့က ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင် အပေါ်မှာ မည်ကဲ့သို့အမြင်ရှိကြောင်းနဲ့ သုံးသပ်တင်ပြဖို့ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့ကို အကြောင်းကြားခဲ့သလို တရားဥပဒေပြုရေးမဏ္ဍိုင်ကိုလည်း မိမိအနေနဲ့ လိုအပ်တဲ့ခေါင်းစဉ်များ သတ်မှတ်ညှိနှိုင်းပြီးတော့ ချမှတ်ပေးတဲ့နေရာမှာ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့ကတော့ ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်း၊ ရှင်းရှင်းလင်းလင်း၊ ရိုးရိုးသားသားအမြင်များကို တင်ပြနိုင်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်က ဂုဏ်ယူမှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ တပ်မတော်သား

ကိုယ်စားလှယ်အစုအဖွဲ့များကတော့ ကျွန်တော့်ဆီကို ၂၀-၁၀-၂၀၁၄ ရက်နေ့မှာ သတ်မှတ်တဲ့ရက် ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

တဖန် ၂၁-၁၀-၂၀၁၄ ရက်နေ့မှာတော့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ကိုယ်တိုင် ရေးသားပေးပို့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းကိစ္စဆိုပြီးတော့ ကျွန်တော့်ဆီရောက်ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့များ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးရဲ့ တင်ပြချက်ကို အကြောင်းကြားမှုကို ဒီနေ့တက်ရောက်လာတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဦးစိုးညွန့်အနေနဲ့ တင်ပြဆွေးနွေးမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ လွှတ်တော်က ကျွန်တော်အပါအဝင် လက်ခံနားထောင်ပေးသွားမှာဖြစ်ပါတယ်။ အမြင်တွေက တစ်ဦးနှင့် တစ်ဦးမတူပါဘူး။ အခက်အခဲတွေကလည်း တစ်ဦးနှင့်တစ်ဦးမတူပါဘူး။ ကျွန်တော်တို့ဖြစ်စေချင်တာက အားလုံး Hamonize ဟန်ချက်ညီညီဖြစ်အောင်ဆောင်ရွက်မှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်ဖြစ်မှာဖြစ်တဲ့အတွက် တကယ်လို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရေးသားပေးပို့တဲ့ အကြောင်းအရာပေါ်မူတည်ပြီးတော့ ဒီနေ့တက်ရောက်လာတဲ့ ဦးစိုးညွန့်အနေနဲ့ တင်ပြဆွေးနွေးမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ လက်ခံနားထောင်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တပ်မတော်သား ကိုယ်စားလှယ်ဗိုလ်မှူးချုပ်တင့်ဆန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ တရားစီရင်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ တရားသူကြီးချုပ်က ပြန်လည်ဖြေကြားထားတဲ့ဟာရှိပါတယ်။ အဲ့ဒီ တရားသူကြီးချုပ်ရဲ့ကိုယ်စား ကျွန်တော်က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ၃၀-၉-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းက နေပြီးတော့ ယနေ့ဒီမိုကရေစီနိုင်ငံတော်ကြီး အလျင်အမြန်တိုးတက်ဖွံ့ဖြိုးရန်အတွက် မဏ္ဍိုင်ကြီးသုံးခု ဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုရေးမဏ္ဍိုင်တို့အား ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရသစ်လက်ထက် သုံးနှစ်ကျော်ကာလ အတွင်းမှာ အထိုက်အလျောက်တိုးတက်မှုရှိလာပါကြောင်း သို့သော်လည်း ဒီမဏ္ဍိုင်ကြီးတစ်ခုစီ

အတွင်းမှာတော့ အားသာချက်/အားနည်းချက်တွေရှိနေတဲ့အတွက် နောင်လာမယ့်အနာဂတ်မှာ မည်သည့်အစီအမံများနဲ့ ဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုပါကြောင်း မေးမြန်းခဲ့တဲ့နေရာမှာ တရားစီရင်ရေးကဏ္ဍကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ညွှန်ကြားချက်အရ ပိုမိုပြည့်စုံစွာ ရှင်းလင်းတင်ပြနိုင်ရန်အတွက် ကျွန်တော့်အနေနဲ့ တရားစီရင်ရေး မဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နဲ့ မည်ကဲ့သို့ ဟန်ချက်ညီညီ ဆောင်ရွက်လျက် ရှိကြောင်းနဲ့ အနာဂတ်အစီအမံများကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဟာ စစ်မှန်ပြီးတော့ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ကို ကျင့်သုံးတယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ မှာ ပြဋ္ဌာန်းချက်နှင့်အညီပဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပြောင်းလဲတည်ဆောက်ခဲ့တဲ့နေရာမှာ အချုပ်အခြာ အာဏာရဲ့ မဏ္ဍိုင်တစ်ခုဖြစ်တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဟာလည်း ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေး မဏ္ဍိုင်တို့နှင့်အတူ ပေါ်ထွန်းခဲ့တာဖြစ်ပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ ခက်မသုံးဖြာနဲ့ တရားစီရင်ရေးအာဏာကို ယုံကြည်စွာအပ်နှင်းခြင်းခံရတဲ့ တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ရေးအတွက် ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် ဟန်ချက် ညီညီပူးပေါင်းဆောင်ရွက်ပြီးတော့ ဥပဒေအရတရားမျှတမှုကို ဖော်ဆောင်ရန် တာဝန်ရှိကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခံယူထားပြီး ဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ် ခိုင်မာမှ ဥပဒေစိုးမိုးမှုရှိမှာ ဖြစ်ပါတယ်။ ဥပဒေစိုးမိုးမှလည်း ပြည်သူများဥပဒေဘောင်အတွင်းမှာ အေးချမ်းစွာနဲ့နေထိုင်အသက်မွေးဝမ်းကျောင်းပြုနိုင်မည် ဖြစ်ပါတယ်။ ပြည်သူ့ဘဝအေးချမ်း သာယာ ပြီးတော့ ဒီမိုကရေစီအခွင့်အရေးအပြည့်အဝခံစားနိုင်ရေးအတွက် တရားစီရင်ရေးမဏ္ဍိုင်ဟာ ဥပဒေ ပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နဲ့ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန် ထိန်း ကျောင်းခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

တရားရေးမဏ္ဍိုင်ကြံ့ခိုင်စေရန်အတွက် မဏ္ဍိုင်ကြီးသုံးရပ် ဟန်ချက်ညီညီပူးပေါင်းပြီး အပြန် အလှန်ထိန်းကျောင်းခြင်းမှုနှင့် ဆောင်ရွက်ရာမှာ တရားရေးမဏ္ဍိုင်အနေနဲ့ ကြီးမားတဲ့စိန်ခေါ်မှုများကို တွေ့ကြုံခဲ့ရတာရှိပါတယ်။ ပထမစိန်ခေါ်မှုကတော့ တရားရုံးအပေါ်မှာ မကျေနပ်သူများက တရားရုံး များကို ဝေဖန်စွပ်စွဲပြစ်တင်ပြောကြားခြင်း ဖြစ်ပါတယ်။ တရားစီရင်ရေးဆိုတာကတော့ နိုင်ငံတော်နှင့် ပြည်သူအကြား၊ ပြည်သူအချင်းချင်းအကြားမှာ ဖြစ်ပွားတဲ့မှုခင်းများကို စီရင်ဆုံးဖြတ်ရခြင်းဖြစ်ပါ

တယ်။ အဲ့လိုဆုံးဖြတ်တဲ့အခါမှာတော့ တရားရုံးများက မိမိတို့အမှုအောင်မြင်ရေးကို နည်းမျိုးစုံနဲ့ ကြိုးစားနေတဲ့ နှစ်ဖက်အမှုသည်တွေရဲ့ အနိုင်အရှုံးကို ဆုံးဖြတ်ပေးရတာဖြစ်တဲ့အတွက် ရှုံးတဲ့ အမှုသည်တွေအနေနဲ့ကတော့ တရားရုံးရဲ့ဆုံးဖြတ်ချက်အပေါ်မှာ ကျေနပ်လက်ခံရန်ခဲယဉ်းတဲ့အတွက် တရားရုံးများကို စွပ်စွဲအပြစ်တင်ခြင်း၊ အထောက်အထားမရှိဘဲနဲ့ တိုင်ကြားလေ့ရှိတာကတော့ ဓမ္မတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒါအနေနဲ့ တရားစီရင်ရေးကဏ္ဍအနေနဲ့ကတော့ စွပ်စွဲပြောဆိုခြင်းများမှာ တစ်ဖက်သတ်စွပ်စွဲပြောဆိုတဲ့အပေါ်မှာ နားထောင်ခြင်းအားဖြင့်တော့ အမှန်တရားနဲ့ အလှမ်းဝေး ကွာဖွယ်ရာဖြစ်တဲ့အတွက် နှစ်ဖက်ကြားနာပြီးမှသာလျှင် ကျွန်တော်တို့ တင်ပြတဲ့အချက်ကို လက်ခံ ဆုံးဖြတ်တာကတော့ မှန်ကန်မယ်ဆိုတဲ့အကြောင်းကို ပြောကြားလိုပါတယ်။ ဒါ့ကြောင့် ဒီလို ထမ်းဆောင်ရတာဟာ တရားစီရင်ရေးမဏ္ဍိုင်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုကြီးတစ်ရပ်လည်း ဖြစ်ပါ တယ်။

ဆက်လက်ပြီးတော့ ဒီစိန်ခေါ်မှုကို အားသာချက်အဖြစ် ဖန်တီးဆောင်ရွက်သွားမယ့်နည်းလမ်း ကိုတော့ တင်ပြလိုပါတယ်။ ဒီစိန်ခေါ်မှုဖြစ်တဲ့ တရားရုံးများအပေါ်မှာ အခြေအမြစ်မရှိဘဲနဲ့ အခွင့် ရတိုင်းဝေဖန်တိုက်ခိုက်ခြင်းဟာ တရားရုံးရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေမှာဖြစ်တဲ့အတွက်၊ တရားရေး မဏ္ဍိုင်ကြံ့ခိုင်ရန်အတွက်၊ အားပေးကူညီရာမရောက်တဲ့အတွက် ဒီလိုမျိုး ဆောင်ရွက်ဖို့မသင့်ပါဘူး။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ဖို့အတွက်ကတော့ တရားရုံးများက အဂတိလိုက်စားမယ်။ တရားစီရင်ရေး တိမ်းစောင်းအောင်ဆောင်ရွက်မယ်လို့ တွေ့ရမယ်ဆိုရင်တော့ တိတိကျကျ ဖော်ထုတ်တိုင်ကြားမယ် ဆိုရင် သာမန်အားဖြင့် တရားရုံးအားလုံး တရားရေးမဏ္ဍိုင်တိမ်းစောင်းအောင် ဆောင်ရွက်နေတယ်လို့ ယေဘုယျပြောဆိုခြင်းမဟုတ်ဘဲနဲ့ တိတိကျကျဘယ်တရားရုံးကဘယ်လို အဂတိလိုက်စားတယ်၊ ဘယ် တရားသူကြီးက ဘယ်လိုလာဒ်ယူတယ်စသဖြင့် ဒီလိုတိုင်ကြားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က တရား စီရင်ရေးကို အားပေးကူညီရာရောက်မှာ ဖြစ်ပါတယ်။ ဒီလိုအဂတိလိုက်စားတဲ့ လာဒ်စားတဲ့အထောက် အထားအခိုင်အမာတွေ့ရှိရလို့ရှိရင် ဒီလိုမတော်မတရားဆောင်ရွက်တဲ့သူအပေါ်မှာ ဥပဒေကြောင်း အရ ထိရောက်စွာအရေးယူခြင်းအားဖြင့် တရားရုံးတွေအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစား မှုဟာ တိုးမြင့်လာနိုင်မှာဖြစ်တဲ့အတွက် ဒီစိန်ခေါ်မှုကိုလည်း ကျွန်တော်တို့ အားသာချက်အဖြစ် ပြောင်းလဲဖန်တီးသွားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယစိန်ခေါ်မှုကတော့ တရားစီရင်ရေးအပေါ်မှာ ဥပဒေနဲ့မညီဘဲ ဝင်ရောက်စွက်ဖက်မှုများ ဖြစ်ပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်ဟာ ဟန်ချက်ညီညီ အချင်းချင်းပူးပေါင်းဆောင်ရွက်ရသူများရှိသကဲ့သို့

အပြန်အလှန်ထိန်းကျောင်းခြင်းများလည်း ရှိပါတယ်။ တရားမျှတမှုအတွက် အခွင့်အာဏာကို တိတိကျကျ ပိုင်းခြားသုံးစွဲရသည်များလည်း ရှိပါတယ်။ အဲ့လိုဆောင်ရွက်ရာမှာ အပြန်အလှန်ထိန်းကျောင်းခြင်းအဆင့်ကို ကျော်ပြီးတော့ တရားရေးမဏ္ဍိုင်ကို အခြားအဖွဲ့အစည်းတစ်ရပ်ရပ်က၊ အခြားမဏ္ဍိုင်တစ်ခုခုက ဝင်ရောက်စွက်ဖက်လွှမ်းမိုးမယ်ဆိုလို့ရှိရင်တော့ တရားစီရင်ရေးရဲ့ ပုံရိပ်ကိုသာမက နိုင်ငံတော်ရဲ့ပုံရိပ်ကိုပါ ထိခိုက်စေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးမူကို တရားရုံးများက အခိုင်အမာထိန်းကျောင်းရခြင်းမှာ၊ စောင့်ထိန်းရခြင်းမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီစိန်ခေါ်မှုနှင့် ပတ်သက်လို့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့် (ခ) တို့အရ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာကို တတ်နိုင်သမျှ ပိုင်းခြားပြီးတော့ ဆောင်ရွက်ရမယ်၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုရမယ်ဆိုတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်၊ ရည်ရွယ်ချက်ကို သေသေချာချာနားလည်သဘောပေါက်ပြီးတော့ ဥပဒေပြုရေးမဏ္ဍိုင်က တရားရေးနဲ့သက်ဆိုင်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးမယ်၊ တရားရေးမဏ္ဍိုင်ကလည်း ပြဋ္ဌာန်းတဲ့ဥပဒေများနှင့်အညီ တရားစီရင်မယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်က ဥပဒေပြဋ္ဌာန်းချက်၊ တရားရုံးက ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် မဏ္ဍိုင်ကြီးသုံးရပ်ဟာ ဟန်ချက်ညီညီပူးပေါင်းပြီးတော့ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးမူကို အခိုင်အမာစောင့်ထိန်းခြင်းအားဖြင့် စိန်ခေါ်မှုများကို အားသာချက်များဖြင့် ပြောင်းလဲပြီးတော့ ကြံ့ခိုင်တဲ့ တရားစီရင်ရေးမဏ္ဍိုင်၊ ပြည်သူလူထုယုံကြည်ကိုးစားတဲ့ တရားရေးမဏ္ဍိုင်ဖြစ်ထွန်းစေမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

တတိယစိန်ခေါ်မှုကတော့ တရားရုံးရဲ့ဆုံးဖြတ်ချက်အပေါ်မှာ နားလည်သဘောပေါက်မှု လွဲမှားတဲ့ကိစ္စတချို့ရှိတာ ဖြစ်ပါတယ်။ တရားရုံးများက အမှန်တရားကို ရှာဖွေဖော်ထုတ်တဲ့နေရာမှာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အဆင့်အတန်းကို မကြည့်ဘဲနဲ့ ပေါ်ပေါက်တဲ့သက်သေခံချက်များ၊ အထောက်အထားများအရ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တရားရုံးရဲ့ရှေ့မှာ အပြစ်ရှိသူတစ်ဦးတစ်ယောက်ကို ပြစ်ဒဏ်ချမှတ်ခြင်းဟာ ထိုသူတစ်ဦးတစ်ယောက်နဲ့သာ သက်ဆိုင်ပါတယ်။ သူကိုယ်စားပြုတဲ့ အဖွဲ့အစည်းနဲ့ သက်ဆိုင်ခြင်းမရှိပါဘူး။ အဲ့ဒီတော့ ပြစ်မှုကျူးလွန်သူတစ်ဦးဦးကို ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်တာဟာ အဖွဲ့အစည်းကို ထိခိုက်တယ်၊ အဖွဲ့အစည်းကို စိန်ခေါ်တယ်လို့ နားလည်သဘောပေါက်မှုလွဲမှားပြီး ပြောဆိုရေးသားခြင်းများဟာလည်း တရားရုံးများအပေါ်မှာ အထင်

အမြင်လွဲမှားစေနိုင်တဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုနှင့်ပတ်သက်ပြီးတော့ ဖြေရှင်းဖို့ အချက်ကတော့ ဒီလိုနားလည်သဘောပေါက်မှု လွဲမှားခြင်းများ မဖြစ်ပေါ်ရန်အတွက် တရားစီရင်ရေးရဲ့ဆောင်ရွက်ချက်များကို ပြည်သူများအား ပွင့်လင်းစွာတင်ပြရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူများအနေနဲ့ တရားစီရင်ရေးကို နားလည်သဘောပေါက်ပြီးတော့ အမှန်တရားပေါ်ပေါက်ရေး အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးတော့ မှန်ကန်တဲ့တရားစီရင်ရေးကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများကို အသိပေးရှင်းလင်းရန်အတွက် မီဒီယာများရဲ့ အကူအညီများကို ရယူပြီးတော့ဆောင်ရွက်မှသာ အဆင်ပြေချောမွေ့မှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဒါ့ကြောင့်လည်း နိုင်ငံတော်ရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ သတင်းမီဒီယာဥပဒေကိုလည်း ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် တရားစီရင်ရေးမဏ္ဍိုင်အနေနဲ့ သတင်းမီဒီယာများနှင့် တွေ့ထိဆက်ဆံမှု စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ်မှာ ပြည်သူလူထုက ပွင့်လင်းမြင်သာစွာသိမြင်နိုင်ရန်အတွက် သတင်းပြန်ကြားရေးဌာနအဖွဲ့များကို တရားရုံးအသီးသီးမှ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ တရားရုံးများက ပွင့်လင်းမြင်သာတဲ့ တရားစီရင်ရေးစနစ်ကို ဖော်ဆောင်လာခြင်းဟာ အားသာချက်တစ်ရပ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ နောက်စိန်ခေါ်မှုတစ်ရပ်ကတော့ တရားစီရင်ရေးနဲ့သက်ဆိုင်တဲ့ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ ရှေ့နေရှေ့ရပ်တွေ၊ တရားစွဲအဖွဲ့အစည်းများနှင့် သက်သေများအားလုံး အရည်အချင်းနှင့် အရည်အသွေးတိုးမြင့်မြင့်မားဖို့အတွက် လိုအပ်ချက်ပဲဖြစ်ပါတယ်။ တရားရုံးအဆင့်ဆင့်တိုင်းမှာ တရားစီရင်ရေးနှင့်သက်ဆိုင်တဲ့သူအားလုံး အရည်အသွေးတိုးတက်မြင့်မားနေမှသာလျှင် အမှန်တရားကိုဖော်ထုတ်နိုင်ပြီး ပြည်သူများယုံကြည်အားထားတဲ့ တရားစီရင်ရေးစနစ်ရရှိမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီစိန်ခေါ်မှုနှင့် ပတ်သက်ပြီးတော့ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများ၊ တရားရုံးဝန်ထမ်းများရဲ့ အရည်အသွေးတိုးတက်မြင့်မားအောင် ဆောင်ရွက်ရာမှာ အဖွဲ့အစည်းလိုက်သာမကဘဲ တစ်ဦးချင်းအနေနဲ့ အရည်အချင်းမြင့်မားတိုးတက်အောင် စီမံချက်များရေးဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းမှာလည်း သင်တန်းများ၊ Work Short များလုပ်ဆောင်ပေးနေသကဲ့သို့ ပြည်တွင်းသင်တန်းများမှာလည်း နိုင်ငံခြားပညာရှင်များ လာရောက်ပို့ချနေခြင်း၊ ပြည်ပနိုင်ငံများကို စေလွှတ်ပြီးတော့ ဘွဲ့လွန်သင်တန်းများတက်ရောက်စေခြင်း၊ ပါရဂူသင်တန်းများ တက်ရောက်စေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကို တက်ရောက်စေခြင်း

တို့ဖြင့် အားသာချက်များရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ကျန်ရှိနေတဲ့ သက်တမ်းကာလအတွင်းမှာ တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ချမှတ်ထားတဲ့အနာဂတ် အစီအမံများနှင့်ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှာ တရားစီရင်ရေးကဏ္ဍရဲ့ ငါးနှစ်စီမံကိန်း၊ အနှစ် ၂၀ စီမံကိန်း သက်တမ်းကာလများအလိုက် ရည်မှန်းချက်များကို ချမှတ်ပြီးတော့ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တရားစီရင်ရေးဆိုင်ရာ အဓိကရည်မှန်းချက်များကတော့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူများ ယုံကြည်ကိုးစားတဲ့ ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးရဲ့ ဂုဏ်သိက္ခာမြှင့်တင်ရေးတို့ဖြစ်ပါတယ်။ တရားစီရင်ရေးကဏ္ဍအပေါ်မှာ စိန်ခေါ်မှုများကို အားသာချက်များအဖြစ် ဖန်တီးနိုင်ရန်နှင့် တရားရေးမဏ္ဍိုင်ရဲ့ မူလရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် မဟာဗျူဟာရည်မှန်းချက်များ ချမှတ်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ ၂၀၁၃ ခုနှစ်ကတည်းက စီမံချက်များ ရေးဆွဲပြီးတော့ ရေးဆွဲရေးအဖွဲ့ကိုဖွဲ့စည်းပြီးတော့ မဟာဗျူဟာစီမံကိန်းနှင့် အချက်အလက်ဆန်းစစ်လေ့လာမှုဆိုင်ရာတို့ကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ တရားရုံးများရဲ့ဆောင်ရွက်မှုများအပေါ်မှာ လေ့လာအကဲဖြတ်နိုင်ရန်အတွက် စီမံကိန်းရေးဆွဲရေးအဖွဲ့ဟာ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအပါအဝင် တရားရုံးဆိုင်ရာပုဂ္ဂိုလ်များနှင့် အမှုသည်များ၊ သက်သေများ၊ ရှေ့နေများကို တွေ့ဆုံပြီးတော့ လူတွေ့မေးမြန်းခြင်း၊ အမှုစာရင်းဇယားဆိုင်ရာ အစီရင်ခံစာများအပေါ် လေ့လာဆန်းစစ်ခြင်း၊ တရားသူကြီးများရဲ့ လွတ်လပ်စွာဆောင်ရွက်နိုင်မှု တာဝန်ခံမှုတို့နှင့်စပ်လျဉ်းပြီးတော့ အပြည်ပြည်ဆိုင်ရာမူသဘောများ အာရှပစိဖိတ်ဒေသ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်းပြီးတော့ စင်ကာပူနိုင်ငံရဲ့ တရားစီရင်ရေးပြုပြင် ပြောင်းလဲမှုများအပေါ်မှာ လေ့လာခြင်းများ၊ လေ့လာတွေ့ရှိချက်များကို အခြေခံပြီးတော့ UNDP ၊ ICJ မှ ကျွမ်းကျင်ပညာရှင်များနှင့် USH မှ တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးမှုစီမံချက်မှ ကျွမ်းကျင်ပညာရှင်များနှင့် မဟာဗျူဟာစီမံကိန်းများရေးဆွဲပြီးတော့ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြန်လည်သုံးသပ်တဲ့အစည်းအဝေးတို့ကို ကျင်းပပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးဆောင်ရွက်မှုဆိုင်ရာ နယ်ပယ်ငါးရပ်အပေါ်မှာ ဆွေးနွေးခြင်း၊ အကြံပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ကတော့ တရားစီရင်ရေးဆောင်ရွက်မှုဆိုင်ရာ နယ်ပယ်ငါးရပ်

အနက်အမှုများကို စစ်ဆေးစီရင်ရန်မှာ အချိန်နှင့်အညီ တစ်ပြေးညီဆောင်ရွက်နိုင်မှု၊ တရားစီရင် ရေးရဲ့ တန်းတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာ၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူ ဆောင်ရွက်မှု တို့မှာတော့ အစဉ်လိုက်အားကောင်းသော်လည်း လူထုရဲ့ တရားမျှတမှု လက်လှမ်းမီရေးနှင့် တရား စီရင်ရေးအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်မှုတို့မှာတော့ အနည်းငယ်အားနည်းမှုရှိတာကို သုံးသပ် တွေ့ရှိခဲ့ရပါတယ်။ သို့အတွက် လူတိုင်းမှာ အရည်အသွေးမြင့်နဲ့ တရားမျှတမှုများကို ဖြည့်ဆည်း ပေးရန်နှင့် တရားရုံးများအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချမှုနှင့် ထိရောက်မှုရှိတဲ့ တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်နိုင်ရန်အတွက် သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၅ ခုနှစ်ကနေ ၂၀၁၇ ခုနှစ် ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီမဟာဗျူဟာစီမံကိန်းမှာတော့ မဟာဗျူဟာဆောင်ရွက်မယ့် နယ်ပယ်ငါးရပ်ကို ပိုင်းခြားသတ်မှတ်ထားပါတယ်။ ဒီနယ်ပယ်တွေကတော့ အများပြည်သူ၏ တရား မျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရေး၊ လူထုရဲ့အသိအမြင်ကို မြှင့်တင်ပေးရေး၊ တရားစီရင်ရေးရဲ့ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရေး၊ တရားစီရင်ရေးရဲ့ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရေး၊ အမှုများစစ်ဆေး စီရင်ရာမှာ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်မှု အားကောင်းလာစေရေးတို့ ဖြစ်ပါတယ်။

မဟာဗျူဟာဖော်ဆောင်ရမယ့် နယ်ပယ်ငါးရပ်အတွက် ချမှတ်ထားတဲ့ မဟာဗျူဟာရည်မှန်း ချက် ၁၂ ရပ်လည်းရှိပါတယ်။ အဲ့ဒီ ၁၂ ရပ်ကတော့ တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူများ၊ အမှုသည်များနှင့် တရားပြိုင်များ အားလုံး ယဉ်ကျေးမှု၊ လေးစားမှုနှင့် လိုလားစွာဆက်ဆံပေးရန်၊ တရားရုံးဝန်ဆောင်မှုကို ပြည်သူများ လက်လှမ်းမီစေရေးအတွက် တရားရုံးများကို ပေါင်းစည်းထားတဲ့ ဒီဇိုင်းပုံစံများဖြင့် ပြန်လည်မွမ်းမံ ဆောင်ရွက်ရန်၊ သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံမှု၊ ပြောဆိုမှုကို မြှင့်တင်ရန်နှင့် တရားရုံး လူ့အဖွဲ့အစည်း သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန် ပြည်သူ့ ဘဏ္ဍာကို အသုံးပြုရာမှာ ပွင့်လင်းမြင်သာမှုရှိပြီးတော့ တာဝန်ယူမှုရှိစေရန်အတွက် ဘတ်ဂျက်နှင့် ငွေစာရင်း အသုံးစရိတ်ရှင်းတမ်းများကို စီမံကြီးကြပ်ခြင်း၊ မှန်ကန်မျှတတဲ့ တစ်စုတစ်စည်းသော ဘတ်ဂျက်ကို စီမံကြီးကြပ်ရေးအတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးမှာ ထိရောက်မှုရှိတဲ့ တရားစီရင်ရေးစီမံခန့်ခွဲမှုအတွက် လိုအပ်တဲ့စွမ်းရည်များကို မြှင့်တင်ရန်၊ တရား သူကြီးများ၊ တရားရုံးဝန်ထမ်းများရဲ့ လုပ်ကိုင်နိုင်စွမ်း စွမ်းရည်နှင့် ဗဟုသုတများကို တိုးမြှင့်ပေးရန်၊ တရားသူကြီးများရဲ့ အတတ်ပညာတိုးတက်ရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ မှုခင်း

လုပ်ငန်းအစီအစဉ်များ အချိန်မီဆောင်ရွက်နိုင်မှု တိုးတက်လာစေရေးအတွက် ရှေ့ပြေးတရားရုံးရဲ့ မှုခင်းစီမံမှု အစီအစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်။ ထိရောက်မှုမြှင့်တင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ အဓိကလုပ်ငန်းစဉ်များကို လူကိုယ်တိုင်အစား Electronic စနစ်ဖြင့် လုပ်ဆောင်ရန်နှင့် လိုအပ်ပါက ထိရောက်တဲ့လုပ်ငန်းစနစ်အသုံးပြုခြင်းကို စတင်ဆောင်ရွက်ရန်၊ ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်၊ ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးအတွက် ဥပဒေပြုပြင်ပြောင်းလဲမှုများကို ဖော်ထုတ်ရန်တို့ဖြစ်ပါတယ်။ ဒီမဟာဗျူဟာအစီအစဉ်များကို အကောင်အထည်ဖော်ရေးအတွက် ဦးစားပေးအဆင့် သုံးဆင့်သတ်မှတ်ထားပြီးတော့ကား ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့အား မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် Country Programme ဆောင်ရွက်နေတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဥပမာ UNDP တို့၊ UNICIEF ၊ UNODC တို့နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟာ သဘောတူနားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးထားတာရှိပါတယ်။ လက်မှတ်ရေးထိုးထားပြီးတော့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ (ဥပမာ JICA တို့၊ USAID) တို့ နိုင်ငံခြားအစိုးရအဖွဲ့အစည်းများ၊ အာဆီယံ တရားရေးရာအဖွဲ့အစည်းများ၊ စင်ကာပူ ဥပဒေရေးရာဝန်ကြီးဌာနတို့နဲ့ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း သိရှိနိုင်ရန် တင်ပြအပ်ပါတယ်။ ဒီမဟာဗျူဟာစီမံကိန်းရဲ့ ပထမနှစ်စီမံကိန်းမှာပါဝင်တဲ့ ရှေ့ပြေးတရားရုံးအစီအစဉ်အတွက် တောင်ငူခရိုင်တရားရုံး၊ ဘားအံမြို့နယ်တရားရုံး၊ လှိုင်သာယာမြို့ နယ်တရားရုံးတို့မှာ ကြိုတင်လုပ်ငန်းများကို စတင်လုပ်ဆောင်လျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အနာဂတ်အစီအစဉ်များကို သိရှိနိုင်ရန် ရှင်းလင်းတင်ပြအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့် တရားရေးမဏ္ဍိုင်အနေဖြင့် ကျန်မဏ္ဍိုင်ကြီးများဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် ဟန်ချက်ညီညီ လက်တွဲ ဆောင်ရွက်ခြင်းအားဖြင့် ကျန်ရှိတဲ့ကာလအတွင်းမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ဗိုလ်မှူးချုပ်တင့်ဆန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွှန့်တို့ရဲ့ ရှင်းလင်းတင်ပြချက်များကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီရှင်းလင်းတင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေသွားပေးဖို့နဲ့ ဒီရှင်းလင်းတင်ပြချက်ကို သတင်း

မီဒီယာများမှ ဆက်လက်ထုတ်ပြန်ပေးနိုင်ရေးအတွက် လွှတ်တော်မှ စီရင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့(တနင်္လာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂:၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၁၂:၁၀ အချိန်နာရီတွင် ရပ်နားပါသည်။]